# တော်လှန်ရေးကို

[illegible]

—— ဥက္ကဋ္ဌ–သခင်ဇင်နှင့်အတွင်းရေးမှူး သခင်ချစ် တို့ကျဆုံးခဲ့ရခြင်း နှင့်ပတ်သက်၍–ဗမာပြည်ကွန်မြူနစ်ပါတီ–ဗဟိုကော်မတီ၏ ကြေညာချက် ——

[illegible]

တည်တည်ငြိမ်ငြိမ်– ကြံ့ကြံ့ခိုင်ခိုင်၊ နောက်ဆုံးအောင်ပွဲ ရတဲ့အထိ၊ ဆက်လက်တိုက်ပွဲဝင်ကြ ——

ဗမာပြည်ကွန်မြူနစ်ပါတီ–ဗဟိုကော်မတီ–ဥက္ကဋ္ဌ

# သခင်ဗသိန်းတင်

# မိန့်ခွန်း

18/6/75

ဥက္ကဋ္ဌသခင်ဇင်နဲ့အတွင်းရေးမှူးသခင်ချစ်တို့
တိုက်ပွဲတွင်ကျဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍
ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ကြေငြာချက်

## "တော်လှန်ရေးကိုအောင်ပွဲရသည့်အထိအဆုံးတိုင်ဆင်နွှဲကြ"

ရဲဘော်တို့၊ မိတ်ဆွေတို့၊ ပြည်သူလူထုအပေါင်းတို့–

၁၉၇၅ ခုနှစ်မတ်လ ၁၅ ရက်နေ့တွင်ငါတို့ပါတီ၏ဥက္ကဋ္ဌသခင်ဇင်နှင့်အတွင်းရေးမှူးသခင်ချစ်တို့သည်၊ ပစ္စည်းမဲ့လူတန်းစား၏သူရသတ္တိဖြင့်နောက်ဆုံးသွေးတစက်ကျန်သည့်အထိရန်သူနှင့်ပြတ်ပြတ်သားသားတိုက်ခိုက်ရင်းအာဇာနည်သဖွယ်တိုက်ပွဲတွင်ကျဆုံးခဲ့ရလေပြီ။

ဥက္ကဋ္ဌသခင်ဇင်နှင့်အတွင်းရေးမှူးသခင်ချစ်တို့သည်၊ ပါတီ၊ တော်လှန်ရေးနှင့်ပြည်သူလူထုအကျိုးအတွက်ကိုယ်ကျိုးကိုလုံးဝစွန့်လွှတ်ပြီး ရန်သူ့ရှေ့မှောက်တွင်ရဲရင့်ပြောင်မြောက်စွာတိုက်ပွဲဆင်ရင်း တော်လှန်သည့်သူရဲကောင်းဝါဒ၏အမြင့်ဆုံးအဆင့်ကိုလက်တွေ့ဖြင့်ဖော်ထုတ်ပြခဲ့ပေသည်။ ရန်သူ၏ရှေ့မှောက်တွင်အရှုံးမပေးဘဲပစ္စည်းမဲ့ပါတီနှင့်တော်လှန်ရေးအောင်လံတော်ကိုမြင့်မြင့်မားမားလွှင့်ထူခဲ့သည့်ဥက္ကဋ္ဌသခင်ဇင်၊ အတွင်းရေးမှူးသခင်ချစ်နှင့်တကွကျဆုံးခဲ့ရသည့်အာဇာနည်ရဲဘော်အပေါင်းအားငါတို့အားလုံးကထာဝရစဉ်သတိရစွာဖြင့်အနူးအညွတ်အလေးပြုလိုက်ပေသည်။

ဥက္ကဋ္ဌသခင်ဇင်နှင့်အတွင်းရေးမှူးသခင်ချစ်တို့ကျဆုံးသွားခြင်းသည်ငါတို့ပါတီနှင့်တော်လှန်ရေးအဘို့ကြီးမားသည့်ဆုံးရှုံးနစ်နာမှုတရပ်ဖြစ်သည်။ ဗမာပြည်လက်နက်ကိုင်တော်လှန်ရေးသမိုင်းတွင်အဝဉ်အလာကြီးမားသောခေါင်းဆောင်ရဲဘော်များဖြစ်ကြသည့်အလျောက်၊ ၎င်းတို့ကျဆုံးသွားရခြင်းအတွက်အမျိုးသားပေါင်းစုံပြည်သူလူထုအဘို့နှစ်မြောတသယူကြုံးမရဖြစ်ကြမည်မှာဓမ္မတာပင်ဖြစ်သည်။ ဥက္ကဋ္ဌသခင်ဇင်

နှင့်အတွင်း ရေး မှူး သခင်ချစ်တို့ကျဆုံး သွား ခဲ့သော်လည်း ၊ ၎င်း တို့၏ ပစ္စည်း မဲ့ တော်လှန် ရေး စိတ်ဓါတ်နှင့် တော်လှန်သည့်သူရဲ ကောင်း ဝါဒ ကား ငါတို့ပါတီဝင်အား လုံး ၏ စိတ်ထဲတွင်ထာဝစဉ်ရှင်သန်လျက်ရှိနေ ပေ လိမ့်မည်။ ပြည်သူလူထုတရပ်လုံး ၏ စိတ်ထဲတွင်ထာဝစဉ်တွန်း ပြောင်၍ နေ ပေလိမ့်မည်။ ပါတီဝင်များ နှင့်ပြည်သူ့တပ်မတော်သား များ အဘို့ဝမ်း နဲ ကြေကွဲမှုကိုအင်အား အဖြစ် ပြောင်း လဲပစ်ပြီး ဥက္ကဋ္ဌသခင်ဇင်နှင့်အ တွင်း ရေး မှူး သခင်ချစ်တို့လမ်း ညွှန်ပြခဲ့သည့်ပစ္စည်း မဲ့တော်လှန် ရေး စိတ်ဓါတ် နှင့်တော်လှန်သည့်သူရဲ ကောင်း ဝါဒကို စွဲစွဲမြဲမြဲ လေ့လာ ကာ ၎င်း တို့နှင့်တကွ ပဲခူး ရိုး မနှင့်တပြည်လုံး တွင်ကျဆုံး ခဲ့ရသည့်ရဲဘော်အား လုံး ကကိုင် ဆောင်ခဲ့သည့်တော်လှန် ရေး အောင်လံ တော်ကိုမြင့်မြင့်မား မား လွှင့်ထူပြီး ၊ ၎င်း တို့၏ သွေး စက်များ စွန်း နေသည့်လမ်း ကြောင်း အတိုင်း တဖိုလ်ကျတဖိုလ်တက် စနစ်ဖြင့်ဦး လည်မသုံ ဆက်လက် ချီတက်ကြရပေမည်။

ဥက္ကဋ္ဌသခင်ဇင်နှင့်အတွင်း ရေး မှူး သခင်ချစ်တို့ကျဆုံး ခဲ့ရခြင်း ပဲခူး ရိုး မအချို့နေရာများ ကိုပြန်လည်သိမ်း ပိုက်နိုင်ခဲ့ခြင်း စသည့်တ စိတ်တဒေသယိယီ အောင်မြင်ချက်များ ကြောင့်နေဝင်း စန်း ယုစစ် အ စိုး ရကအူမြူး နေပြီး ၊ ငါတို့တော်လှန် ရေး ကိုစစ်လက်နက်အင်အား ဖြင့် ဖျက်ဆီး ရန် တော်လှန် ရေး အင်အား စုနှင့်ပြည်သူလူထုကြား ကိုလိမ်ညာမှိုင်း တိုက်ပြီး ဖြိုခွဲရန်ဟူ သောတန်ပြန် တော်လှန် ရေး ၂ ဖက်နည်း နာကိုပိုမို ကောက်ကျစ်ယုတ်မာစွာကျင့်သုံး နိုင်ရန်အတွက်အရူး အမူး ကြံစည်လျက်ရှိ ပေ သည်။ ယခုတလောတွင်ရန်သူက ဗမာပြည်ကွန်မြူနစ်ပါတီမရှိ တော့သလိုလို၊ ပါတီဗဟိုမရှိ တော့သလိုလို၊ ပြည်သူ့တပ်မတော် ချုပ်ငြိမ်း သွား ပြီလိုလို၊ မ ဟုတ်မဟတ်လုပ်ဇာတ်များခင်းပြီးအကြီးအကျယ်ကြွားဝါလျက် ရှိပေသည်။

ရန်သူကလုပ်ကြံပြီး ဘုံသို့ကြွား ဝါနေခြင်း မှာတကဲ့ဖြစ်ရပ် နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် နေရုံမက စင်စစ်အား ဖြင့်၎င်း တို့ရင်ဆိုင် နေရ သောအခက်အခဲအကြပ်အတည်း များ ကိုဖုံး ကွယ်နိုင်ရန်နှင့်ယင်း အ ကြပ်အတည်း များ မှထွက် ပေါက်ရနိုင်ရန်အတွက်အချီး နှီး ကြိုး စား နေ

ခြင်း သာလျှင်ဖြစ် ပေသည်။

ယနေ့နိုင်ငံတကာ၏အခြေအနေနှင့်ပြည်တွင်း အခြေအနေမှာ တော်လှန်ရေး ဖြစ်ပေါ်တိုး ပွါး မှုအတွက်အလွန် ကောင်း ပေသည်။

(၁) အရှေ့အာရှ တောင်ပိုင်း အခြေအနေလည်း အလွန်ကောင်း ပါသည်။ မကြာသေး မီကကန်ဗောဒီးယား နှင့် ဗီယက်နမ် တောင်ပိုင်း တို့ကို ပြည်သူ့လက်နက်ကိုင်တပ်ဖွဲ့များ ကလုံး ဝလွတ် မြောက် စေခဲ့သည်။ ၎င်းသည်မှာသ မိုင်း အရ ရောနိုင်ငံတကာသ ဘောအရပါအလွန်ကြီး မား သည့်ပြည်သူ့လူထု၏ အောင်ပွဲကြီး ဖြစ် ပေသည်။

နေဝင်း စန်း ယု စစ်အာဏာရှင်စုသည်ဆိုရှယ်လစ်စနစ်ကိုတည် ဆောက် နေပါသည်ဟုဆိုးမဂ်ကတာမှု မှ အော်ဟစ် နေသော်ငြားလည်းတကယ့်လက် တွေ့မှာ နိုင်ငံရေး ၊ စီးပွါး ရေး ၊ စစ်ရေး ၊ လူမှုရေး စသည့်အကဏ္ဍအသီး သီး တွင်အကြီး အကျယ်အကြပ်အတည်းဆိုက်လျက်ရှိသည်။ ဤအကြပ်အတည်း များ သည်တနေ့ ထက်တနေ့ပို၍ကြီး ထွား လာ နေ ပေသည်။ ရှေ့အဘို့လည်း သည့်ထက်သည် ပို၍ ကြီး ထွား လာ ပေလိမ့်မည်။ ယနေ့ပြည်တွင်း ရှိလူတန်း စား အသီး သီး လူ့ အလွှာအသီး သီး မှာစစ်အစိုး ရလက် အောက်တွင်မိမိတို့၏စား ဝတ် နေမှု အခက်အခဲများ ကိုမရှုနိုင်မရှိုက်နိုင်ကြုံတွေ့နေရခြင်း နှင့်ဒီမိုကရေစီ အခွင့်အရေး များ လုံး ဝဆိတ်သုဉ်း နေခြင်း စသည့်ဘာဝအခြေအနေဆိုး များ ကြောင့်၊ ၎င်း တို့ကိုခါး ခါး သီး သီး မုန်းတီး နေပြီး ၊ အခွင့်အရေး ကြုံတိုင်း လူထုကြီး ကအုံကြွကာဆန့်ကျင်တိုက် ဖျက်လျက်ရှိ ပေသည်။ ၇၄ ခုနှစ်မေ လတွင်တိုင်း ပြည်နှင့်အဝှမ်း ပေါက်ပွါး ခဲ့သောအလုပ်သမား အရေး တော် ပုံနှင့် ၇၄ ခုဒီဇင်ဘာလတွင် ပေါ် ပေါက်ခဲ့သည့် ကျောင်း သား များ နှင့် မြို့နေလူထု၏လှုပ်ရှား မှုများ ကအကောင်း ဆုံး သာဓကများ အဖြစ်သက် သေထူပြလျက်ရှိ ပေသည်။ အခြား တဖက်တွင်ပါတီ့ပါတီက ခေါင်း ဆောင်ပြီးဆင် နွှဲလျက်ရှိ သောလက်နက်ကိုင်တိုက်ပွဲနှင့်အာဏာနီအခြေခံစခန်း များ တည်ရှိ ပြီး ဖြစ် ပေါ်တိုး တက် နေခြင်း ကလည်း စစ်အစိုး ရ၏ဘက် ပေါင်း စုံအကြပ် အတည်းများ ကိုပိုမိုသဲသန်ပြင်း ထန် စေ လေသည်။

နေဝင်း ဝန်းယူ့ဝစ်အဖိုး ဂကရင်ဆိုင်နေရသည့်အခက်အခဲအကြပ်အတဲများသည်၊ ဖေါက်ပြန်ရေးသမားများ အဘို့ဆုတ်ယုတ်ပျက်ပြားနေသည့်ဖြစ်စဉ်အတွင်း ကြုံတွေ့ရဖြစ်သည့်အခက်အခဲအကြပ်အတဲများ သာလျှင်ဖြစ်သည်။ ဤအခက်အခဲအကြပ်အတဲများကား အခြေခံကျပြီး မည်သို့မျှမဖြေရှင်းနိုင်သည့်လူတန်းစား ပဋိပက္ခများ မှ ပေါ်ထွက်လာခြင်း သာလျှင်ဖြစ်သည်။ ပြည်တွင်းတွင်နယ်ချဲ့သွေးစုတ်မှုစနစ်၊ ပဒေသရာဇ် မြေရှင်သွေးစုတ်မှုစနစ်နှင့် ဗျူရိုကရက်အရင်းရှင် သွေးစုတ်မှုစနစ်တည်းဟူသောလူမှုစီးပွါးရေး စနစ်ဆိုးများ တည်ရှိပေါ်ပေါက်နေခြင်း မှ ပေါ်ထွက်လာခြင်း သာလျှင်ဖြစ်သည်။ နေဝင်း ဝန်းယူ့ဝစ်အဖိုး ရသည် ဤစီးပွါး ရေး အခြေခံအုပ်မြစ်မှ ပေါ်ထွက်လာ သောအထက်အဆောက်အအုံသာလျှင်ဖြစ် ပေသည်။ ဤစီးပွါး ရေး အခြေခံအုပ်မြစ်တည်ရှိနေသမျှကာလပတ်လုံး ၊ ၎င်း၏အထက်အဆောက်အအုံမှသာဖြစ် သော ဖေါက်ပြန်ရေး အဖိုး ရများ တည်ရှိနေသမျှကာလပတ်လုံး ၊ ၎င်းတို့မှ ပေါ်ထွက်လာ သောအခက်အခဲအကြပ်အတည်း များ သည်၎င်း ၊ လူတန်း စား ပဋိပက္ခများ သည်၎င်း ချုပ်ငြိမ်း ကွယ်ပျောက်လိမ့်မည်မဟုတ်၊ ထို့ကြောင့်လည်း ရန်သူအနေနှင့်ဝစ်အင်အား ဖြင့်တနည်း ၊ လိမ်ညာမှိုင်း တိုက်ခြင်း ဖြင့်တဖုံ၊ တန်ပြန် တော်လှန် ရေး နှစ်ဖက်နည်း နာကိုသုံး ပြီး ၊ မည်သို့မည်ပုံပင်ထွက် ပေါက်ရှာရန်ကြိုး စား သည်ဖြစ်စေ၊ မည်မျှ လောက်ပင်ယာယီထွက်ပေါက်များ ကိုရှာဖွေနိုင်သည်ဖြစ် စေ၊ ၎င်း တို့မှာအခြေခံကျပြီး မဖြေရှင်း နိုင်သည့်ပဋိပက္ခများ နှင့်ရင်ဆိုင်နေရခြင်း ကြောင့်၊ လူထုကြီး နှင့်ကင်း ကွာသထက်ကင်း ကွာလာပြီး ၊ နောက်ဆုံး တွင်ချုပ်ငြိမ်း ပျက်စီး ရမည်မှာ မြေကြီး လက်ခတ်မလွဲပင်ဖြစ် ပေသည်။

ဤသည်နှင့်လက္ခဏာအရခြား နား စွာပင်၊ လက်ရှိပဲခူး ရိုး မအခြေခံဝခန်း တွင် တွေ့ကြုံနေရသည့်အခက်အခဲများ အပါအဝင်ငါတို့မျက်မှောက်ရင်ဆိုင်နေရ သောအခက်အခဲများ ကား မဖြေရှင်း နိုင်သည့်အခြေခံလူတန်း စား ပဋိပက္ခမှ ပေါ်ထွက်လာခြင်း မဟုတ်ဘဲ၊ တော်လှန်

ရေးသမားများ အတို့ဖြစ် ပေါ်တိုးပွါး နေသည့်ဖြစ်ဝဉ်အတွင်း ကြုံတွေ့ရမြဲဖြစ်သည့်ယာယီအခက်အခဲများ သာလျှင်ဖြစ် ပေသည်။ သို့ဖြစ်၍ ဤအခက်အခဲများကို ကျော်နင်း နိုင်ရုံမက၊ ပြည်သူလူထု၏အကျိုး စီးပွါး ကိုပါတို့ကကိုယ်စား ပြုပြီး ၊ အမှန်တရား ကပါတို့ဘက်တွင်ရှိ နေ သောကြောင့်၊ ပါတို့သွားရာလမ်း ခရီး တွင်အကောက်အကွေ့များ မည်မျှပင်ရှိ စေကာမူ နောက်ဆုံး ပိတ်တွင် ပါတို့ပါတီနှင့်ပြည်သူတို့ကသာလျှင် အောင်ပွဲခံရမည်မှာ ဧကန်မလွဲပင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည်၊ ဂုဏ်ရောင် ပြောင်သည့်ဗမာပြည်ပစ္စည်း မဲ့လူတန်း စား၏တပ်ဦး ပါတီဖြစ် ပေသည်။ တိုက်တိုင်း အောင်မာ့က်စ်ဝါဒလီနင်ဝါဒ မော်စီတုံး အတွေး အခေါ်ကိုပါတို့၏အတွေး အခေါ်လမ်း ညွှန်သဘောတရား အခြေခံအဖြစ်ထား ရှိသည့်ပါတီဖြစ် ပေသည်။ မာ့က်စ်ဝါဒလီနင်ဝါဒ မော်စီတုံး အတွေး အခေါ်တည်း ဟူ သော တလောကလုံး ဆိုင်ရာအမှန်တရား ကိုဗမာပြည် တော်လှန် ရေး အခိုင်အမာလက်တွေ့ဖြင့် ပေါင်း စပ်ကျင့်သုံး နေ သော ပါတီဖြစ် ပေသည်။

ပါတို့ပါတီသည်စု ပေါင်း ခေါင်း ဆောင်မှုအ ပေါ်တွင်အ ခြေခံပြီး တည် ဆောက်ထား သည့်ပါတီဖြစ်သည်။ သွေး စုတ်လူတန်း စား နေ့ရှင်-မြို့ရှင်နိုင်ငံ ရေး ပါတီများ နှင့်အရင်း ခံမှခြား နား စွာပင်တဦး တယောက် တောင်း အ ပေါ်မှီခိုပြီး တည် ထောင်ထား ခြင်း မဟုတ်။ တဦး တယောက် ကောင်း က ရှေ့ဆောင်လုပ်ကိုင် နေသည့်ပါတီမျိုး မဟုတ် ပေ။

ပါတို့ပါတီသည် ခက်ခဲကြမ်း တမ်း တွေ့ ကောက်သည့် ရေ ရှည်လက်နက်ကိုင်တိုက်ပွဲအတွင်း လူတန်း စားတိုက်ပွဲဖြစ် ပေါ်တိုး ပွါး မှုတရား အရ ပါတီတွင်း ၌သုံး ဦး နှစ်နာမှုများ ကြုံတွေ့တတ်သည်မှာမ ရှောင်လွှဲနိုင်သည့်အလျောက်တ ဗိုလ်ကျတဗိုလ်တက် စနစ်အရ၊ အဆက်မပြတ်တိုက်ပွဲကို ရှေ့ဆောင်ဆင်နွှဲ နေသည့်ပါတီဖြစ် ပေသည်။ ဥက္ကဋ္ဌသခင်သန်း ထွန်း ကျဆုံး ပြီး သည့်နောက်သခင်ဇင်ကပါတီဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့ ပေသည်။ ယခုဥက္ကဋ္ဌ သခင်ဇင်ကျဆုံး သွား ပြီး နောက်ဒုဥက္ကဋ္ဌသခင်ဗသိန်း တင်အား ပါတီဥက္ကဋ္ဌ

အဖြစ်ရွေး ကောက်တင်မြှောက်လိုက်ပြီး ၊ ပါတီဥက္ကဋ္ဌတာဝန်ကိုဆက်လက်ယူစေကာငှင်း ခေါင်း ဆောင်သောပါတီဗဟို ကော်မတီက ပါတီတရပ်လုံး ကို ခေါင်း ဆောင်သွား မည်ဖြစ် ပေသည်။ သို့ဖြစ်၍ ဗမာပြည်၌ ဖေါက်ပြန်ရေး သမား အုပ်စုံး သူအဆက်ဆက်တို့က ငါတို့ပါတီအား ချေမှုန်း ရန်မည်မျှပင်အရူး အမူး ကြိုး စား ခဲ့စေကာမူ၊ လက်ရှိနေဝင်း စန်းယုစစ်အစိုးရက ငါတို့ပါတီအား ချေမှုန်း ရန်မည်မျှပင်နည်း မျိုး စုံနှင့်ကောက်ကျစ်စဉ်းလဲစွာကြိုး ဝား နေစေကာမူ၊ ငါတို့ပါတီကား ကြေပြုန်း သွား လိမ့်မည်မဟုတ်၊ ၎င်း တို့သာလျှင် ကြေပြုန်း ခဲ့ကြရပြီး ဆက်လက်၍လည်း ကြေပြုန်း ပျက်စီး ကြရမည်မှာ ကေန်မလွဲပင်ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီကား ကွန်မြူနစ် လောကထူ ထောင် အောင်မြင်သည့်အထိဆက်လက်တည်ရှိသွား မည်သာဖြစ် ပေသည်။

ရေရှည်လက်နက်ကိုင်တိုက်ပွဲအတွင်း ငါတို့ပါတီ၏အ ကြွင်း မဲ့ခေါင်း ဆောင်မှုကိုခံယူထား သောပြည်သူ့တပ်မ တော်တရပ်ကို ငါတို့ပါတီသည်တည်ဆောက်နိုင်ခဲ့ပေသည်။ ဤတပ်မ တော်သည်ပစ္စည်း မဲ့နိုင်ငံ ရေး ကိုဦး ထိပ်ပန်ဆင်ပြီး ၊ ဗမာပြည်ရှိလူမျိုး စုံပြည်သူလူထုကိုစိတ် ရောကိုယ်ပါအလုပ်အ ကျွေးပြုသောတပ်မ တော်ပင်ဖြစ်သည်။ သို့ဖြစ်၍အမျိုး သား ပေါင်း စုံပြည်သူလူထုကြီး ၏တခဲနက် ထောက်ခံမှုကိုရရှိပြီး ၊ အောင်ပွဲတပွဲပြီး တပွဲဆွတ်ခူး လျက်ရှိနေ ပေသည်။ ဤလိုတပ်မ တော်မျိုး တည်ရှိ နေခြင်း ကြောင့်ငါတို့ပါတီနှင့်ပြည်သူလူထုအား ရန်သူသည်ဘယ် သောခါမျှ မျိုး နှိမ်နိုင်လိမ့်မည်မဟုတ်၊ ၎င်း တို့သာလျှင်ပြည်သူ့တပ်မ တော်နှင့်ပြည်သူလူထုကြီး ၏အ ချေမှုန်း ခံကြရမည်သာဖြစ်ပေသည်။

ငါတို့ပါတီသည် ၃၅ နှစ် ကျော်သမိုင်း တလျှောက်တွင်ပစ္စည်း မဲ့လူတန်း စား နှင့်အဖိနှိပ်ခံတိုင်း ရင်း သား ပေါင်း စုံလုပ်သား ပြည်သူတို့၏အကျိုး စီး ပွါး အတွက်မာ့က်စ်ဝါဒလီနင်ဝါဒ မော်စီတုန်း အတွေး အခေါ်အောင်လံနီကိုမြှင့်မြှင့်မား မား လွှင့်ထူပြီး နယ်ချဲ့၊ ပြန်လည်ပြင်ဆင် ရေးနှင့် ဖေါက်ပြန် ရေး သမား များ ကို ကြံ့ကြံ့ခိုင်ခိုင် ရှေ့ဆောင်တိုက်ခိုက်ခဲ့ပေ

သည်။ ဆင်းရဲပင်ပန်းခက်ခဲသည့်အနှစ် ၂၀ ကျော်လက်နက်ကိုင်တိုက်ပွဲ
ကိုရက်ရောင်ပြောင်စွာဆင်နွှဲခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့သမားကို၎င်း၊ ဂျ
ပန်ဖက်ဆစ်များကို၎င်း၊ အဆက်ဆက်သောဖေါက်ပြန်ရေးအစိုးရများ
ကို၎င်းပြတ်ပြတ်သားသားတိုက်ပွဲဝင်ခဲ့ပေသည်။ ရေရှည်တော်လှန်ရေး
ဖြစ်စဉ်အတွင်းဆင်းရဲခြင်းအမျိုးမျိုး၊ မကြုံဘူးသည့်နစ်နာမှုအမျိုးမျိုး
စွန့်လွှတ်မှုအမျိုးမျိုး၊ ပစ္စည်းမဲ့လူတန်းစား၏အတုမရှိသည့်တော်လှန်ရေး
သူရဲသတ္တိ၊ အံ့ချီးမကုန်နိုင်သည့်လုံ့လဝီရိယနှင့်တော်လှန်ရေးလက်တွေ့တွင်
စမ်းသပ်မှုတို့ဖြင့်ထုသားတောသားရရှိခဲ့ပြီး အတွေ့အကြုံရင့်ကျက်သည့်ပါတီ
ဖြစ်သည်။ ပြည်သူလူထုကိုစိတ်ရောကိုယ်ပါအလုပ်အကျွေးပြုခြင်းကြောင့်၊ ပြည်
သူလူထုနှင့်တသားတည်းရှိနေပြီး၊ ပြည်သူလူထုအတွင်းဂုဏ်သိက္ခာအရှိဆုံး
ပြည်သူလူထု၏ထောက်ခံအားပေးမှုနှင့်လေးစားကြည်ညိုမှုအရှိဆုံးပါတီ
ဖြစ်ပေသည်။ ငါတို့ပါတီသည်ဘုံရန်သူနေဝင်းစန်းယုစစ်အစိုးရကိုဦးတည်
တိုက်ရေးအတွက်လူမျိုးစုံပြည်သူလူထုနှင့်စည်းရုံးနိုင်သမျှသောအင်အားစု
မှန်သမျှကိုစည်းရုံးနိုင်စွမ်းရှိသောပါတီဖြစ်ပေသည်။ ငါတို့ပါတီသည် ၁၉
ခုနှစ်တွင်တည်ထောင်ခဲ့သည့်မဒညတကိုခိုင်မာကြီးထွားစေရန်အတွက်၎င်း၊
နေဝင်းစန်းယုစစ်အစိုးရကိုလက်နက်စွဲကိုင်ပြီးတိုက်ခိုက်နေသည့်အမျိုးသား
လက်နက်ကိုင်တပ်ဖွဲ့များနှင့်ကျယ်ပြန့်သည့်တပ်ပေါင်းစုကိုတည်ထောင်နိုင်
ရန်အတွက်၎င်းဆက်လက်ကြိုးစားသွားမည်ဖြစ်ပေသည်။

ငါတို့ပါတီသည်ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုတွင်မာ့က်စ်ဝါဒလီနင်ဝါ
ဒကိုသစ္စာရှိသော၊ ပြတ်ပြတ်သားသားအကောင်အထည်ဖေါ်ကျင့်သုံး
နေသောစစ်မှန်သည့်ပစ္စည်းမဲ့လူတန်းစားပါတီတရပ်ဖြစ်သည့်အလျောက်
နိုင်ငံတကာ့ပစ္စည်းမဲ့လူတန်းစားများနှင့်ကမ္ဘာ့တော်လှန်သည့်ပြည်သူ
လူထု၏စာနာထောက်ခံမှုကိုရရှိနေသည့်ပါတီဖြစ်ပေသည်။ ထို့ကြောင့်လည်း
ဤလိုပါတီမျိုးကိုမည်သည့်ရန်သူမျိုးကမှချေမှုန်းနိုင်မည်မဟုတ်ဘဲ၊ ချေမှုန်း
ရန်ကြိုးစားသူတို့သာလျှင်ကြေပြုန်းကြရပေလိမ့်မည်။

ရဲဘော်တို့-

ယနေ့ ငါတို့ပါတီဝင်တိုင်း ၏အဓိကတာဝန်သည်၊ မာ့က်စ်ဝါဒလီနင်ဝါဒ မော်စီတုံးအတွေး အခေါ်အခြေခံ ပေါ်တွင်မှန်ကန် သော လမ်း စဉ် ပေါ်လစီများ ၏အခြေခံ ပေါ်တွင် ပါတီတရပ်လုံး ကိုနိုင်ငံ ရေး အရ၊ အတွေးအခေါ်အရ၊ စည်း ရုံး ရေး အရ သွေး စည်း ညီညွတ် အောင် ကျောက်ဆစ်ပမာ သိပ်သည်း ခိုင်မာ အောင်လုပ် ရန်ဖြစ် ပေသည်။ ဥက္ကဌသခင်ဇင်သိန်း တင် ခေါင်း ဆောင် သော ပါတီဗဟို ကော်မတီ၏ ပတ်ပတ်လည်တွင် ဝိုင်းရံပြီး ပါတီတရပ်လုံး ကို သွေး စည်း ညီညွတ် အောင်လုပ်ရန်ဖြစ် ပေသည်။ သွေးစည်း ညီညွတ် ရေး သည်အင်အား ဖြစ်သည်။ သွေး စည်း ညီညွတ် ရေး သည် အောင်ပွဲဖြစ်သည်။

ယနေ့မျက် မှောက်အခြေအနေတွင် ငါတို့ပါတီဝင်အား လုံး သည်မှန်ကန် သော လမ်း စဉ် ပေါ်လစီများ ကိုစွဲစွဲမြဲမြဲကျင့်သုံး နိုင်မည်ဆိုပါက၊ နိုင်ငံ ရေး အရပြန်လည်ပြင်ဆင် ရေး ဝါဒကိုအဓိကအား ဖြင့်တိုက်ရင်း ၊ လက်ဝဲတရား သော ဝါဒကိုလည်း တချိန်တည်း တွင်တိုက်ခိုက်သွား နိုင်မည်ဆိုပါက၊ တွေးခေါ်နည်း အရ ဆန္ဒစွဲ ဝါဒကိုဆန့်ကျင်တိုက် ဖျက် နိုင်မည်ဆိုပါက၊ စည်း ရုံး ရေး အရ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုမူကိုစွဲစွဲမြဲမြဲကျင့်သုံး ရင်း ပါတီတရပ်လုံး ကို သိပ်သည်း ခိုင်မာ အောင်စည်း လုံး နိုင်မည်ဆိုပါက၊ လက်နက်ကိုင်တိုက်ပွဲကိုအဓိကတိုက်ပွဲသဏ္ဌာန်အဖြစ်အသင်း ဝဲအပင်ပန်း ခံ၍ဇွဲရှိရှိနှင့်ဆင်နွှဲပြီး အခြား တိုက်ပွဲသဏ္ဌာန်များ နှင့်မှန်ကန်စွာ ပေါင်း စပ် ပေး နိုင်မည်ဆိုပါက၊

( [illegible] ) လယ်သမား ပြဿနာကိုမှန်ကန်စွာ ဖြေရှင်း နိုင်ပါက၊ ပါတီ၏အကြွင်း မဲ့ခေါင်း ဆောင်မှုအောက် ၌ပြည်သူ့တပ်မတော်ကိုခိုင်မာကြီး ထွား အောင်တည် ဆောက် နိုင်မည်ဆိုပါက၊ ကျယ်ပြန့် သော အမျိုး သား ပေါင်း စုံပြည်သူလူထုကြီး ကိုငှင်း ၊ စည်း ရုံး နိုင်သမျှ သော အင်အား များ ကိုငှင်း၊ ကျယ်ပြန့် သော တပ် ပေါင်း စုအတွင်း စည်း ရုံး သိမ်း သွင်း နိုင်မည်ဆိုပါက၊ ငါတို့ချီတက်ရာလမ်း ကြောင်း ပေါ်ရှိအခက်အခဲအမျိုး မျိုး ကိုကျော်လွှ

ကျော်နင်း ပြီး တော်လှန်စစ် အောင်ပွဲကို ဆွတ်ခူး နိုင်မည်မှာ ဧကန်မလွဲ ပင်ဖြစ်သည်။

တပါတီလုံး သွေး စည်း ညီညွတ်ပြီး တညီတညွတ်တည်း မပြတ် ကြိုးကြိုးနိုင်နိုင် တော်လှန်ရေး ကို အောင်ပွဲ ရသည်အထိ အဆုံး တိုင်ဆင်နွှဲကြ။

နေဝင်း စန်း ယု စစ်အစိုး ရမှု ချ ကျဆုံး ရမည်။

ဗမာပြည်ကွန်မြူနစ် ပါတီ အဓွန့်ရှည် ပါစေ။

ပြည်သူ့ဒီမိုကရေစီ တော်လှန် ရေး မုချ အောင်ရမည်။

၁၃၃၇ ခုကဆုန်လဆန်း ၇ ရက် — ဗဟိုကော်မတီ

၁၉၇၅ ခုမေ လ ၁၆ ရက် — ဗမာပြည်ကွန်မြူနစ် ပါတီ။

ဗမာပြည်ကွန်မြူနစ်ပါတီ၊

ဗဟိုကော်မတီ ဥက္ကဋ္ဌသခင်ဗသိန်းတင်၏ မိန့်ခွန်း

တပါတီလုံး သွေးစည်း ညီညွတ်ရေး

တည်တည်ငြိမ်ငြိမ်၊ ကြံ့ကြံ့ခိုင်ခိုင် နောက်ဆုံး အောင်ပွဲရတဲ့အထိ

ဆက်လက် တိုက်ပွဲဝင်ကြ

( ၁ )

ရဲဘော်တို့-

မိတ်ဆွေတို့-

ပြည်သူလူထုအပေါင်းတို့-

ဒီနေ့ရဲဘော်တွေနဲ့ပြည်သူလူထုအပေါင်းကို ဝမ်းနည်းစရာကောင်းတဲ့သတင်း တခုကို ကြေငြာရပါလိမ့်မယ်။ ဒီသတင်းကတော့ ၁၉၇၅ ခုမတ်လ ၁၅ ရက်နေ့မှာ ကျနော်တို့ပါတီဥက္ကဋ္ဌသခင်ဇင်နဲ့အတွင်းရေးမှူး သခင်ချစ်တို့နှစ်ယောက်ဟာ သွေးဖွန်းနေတဲ့ရန်သူ့လက်ချက်ဖြင့်တိုက်ပွဲမှာကျဆုံး ခဲ့ရပါတယ်။ သူတို့နှစ်ဦးဟာကွန်မြူနစ်ပါတီဝင်၊ ကွန်မြူနစ်ခေါင်းဆောင် တွေပီသစွာ နောက်ဆုံးအချိန်အထိရန်သူ့ရှေ့မှောက်မှာဒူးမထောက်လက် နက်မချဘဲ ရဲရဲရင့်ရင့်တိုက်ခိုက်ရင်းနဲ့ကျဆုံးခဲ့ရပါတယ်။ သူတို့နှစ်ဦးရဲ့ကျဆုံး မှုဟာဂုဏ်ရောင်ပြောင်တဲ့ကျဆုံးမှုဖြစ်ပါတယ်။ ကျနော်တို့ကွန်မြူနစ်တွေဟာ ပုလိပ်ဂိတ်တဲမှာ၊ ထောင်ထဲမှာ၊ တရားရုံးရှေ့မှာ၊ ကြိုးစင်အောက်မှာ၊ တခွန်းထဲနဲ့ပြောရယင်၊ ဘယ်ရန်သူ့ရှေ့မှောက်မှာဖြစ်ဖြစ်၊ ဘယ်အခြေအ နေအောက်မှာဖြစ်ဖြစ်၊ လက်နက်ချအညံ့ခံဒူးထောက်တာမလုပ်ရဘူး။ အဲ ဒါဟာကျနော်တို့ရဲ့ပန္နည်းမဲ့တော်လှန်ရေးဆရာကြီးများကသင်ပေးထား တဲ့အချက်ပါဘဲ။

ဥက္ကဋ္ဌသခင်ဇင်နဲ့အတွင်းရေးမှူး သခင်ချစ်တို့ဟာ ဒီတော်လှန် ရေးသွန်သင်ချက်ကိုလက်တွေ့နဲ့ပြသွားကြပါပြီ။ ကျန်နေတဲ့ကျနော်တို့တွေဟာ လဲဥက္ကဋ္ဌသခင်ဇင်နဲ့အတွင်းရေးမှူး သခင်ချစ်တို့လက်တွေ့လုပ်ပြသွားတဲ့

တော်လှန်တဲ့သူရဲ့ ကောင်း ဝါဒရဲ့အမြင့်ဆုံး အဆင့်ကို စွဲစွဲမြဲမြဲ လေ့လာပြီး အလား တူအ ခြေအ နေမျိုး နဲ့ ရင်ဆိုင် လာရယင်သူတို့လိုဘဲလုပ်ကြရ ပါလိမ့်မယ်။ သူတို့နှစ်ဦး ရဲ့ တော်လှန်တဲ့သူရဲ့ ကောင်း ဝါဒ နဲ့ကွန်မြူနစ် ထွေဟာဘယ်ရန် သူကိုမှ ဒူး မထောက်ဘူး ၊ အသက် သေခြင်း သေပါစေဆိုတဲ့ ဝိတ်ခါက်နဲ့ လုပ်ဆောင်ချက် တွေဟာ ကျနော်တို့ပါတီသမိုင်း မှာ အယင်ကဖြစ်ခဲ့ဘူး တဲ့ရဲဘော်တွေ လိုဘဲ မှတ်တမ်း တင်ထား ဘို့လိုပါတယ်။ ဝဲခူး ငြိုး မမှာကျဆုံး ခဲ့ရ တဲ့ ဥက္ကဋ္ဌသခင်ဇင်၊ အတွင်း ရေး မှူး သခင်ချစ်နဲ့တခြား ရဲဘော်အားလုံး အတွက်ကျနော်တို့အနူး အညွှတ်အ လေး ပြုလိုက်ပါတယ်။

ဥက္ကဋ္ဌသခင်ဇင်နဲ့အတွင်း ရေး မှူး သခင်ချစ်တို့ကျဆုံး သွား ရပါတဲ့ကျနော်တို့ပါတီ နဲ့ တော်လှန် ရေး အတွက်ကြီး မား တဲ့ဆုံး ရှုံး နစ်နာမှု တခုဖြစ်ပါတယ်။ ဒါဟာကွယ်ဝှက်ထား စရာမလိုပါဘူး ။ ဒါပေမဲ့ဥက္ကဋ္ဌသခင်ဇင်ကျဆုံး သွား တာနဲ့ပါတီဟာပျက်စီး သွား မှာလား ။ တော်လှန် ရေး ကို ပျက်စီး သွား မှာလား ။ မဟုတ်ပါဘူး ။ ပါတီဟာမပျက်စီး ပါဘူး ။ ဗမာပြည်ကွန်မြူနစ်ပါတီဟာကွန်မြူနစ် လောကအထိတည်ရှိ နေပါလိမ့်မယ်။ ပါတီမှာ ခေါင်း ဆောင် တွေကျဆုံး ခြင်ကျဆုံး မယ်။ လူအ ပြောင်း အလဲရှိခြင်ရှိမယ်။ ဒါပေမဲ့ပါတီက တော့မပျက်စီးနိုင် ပါဘူး ။ ဒီအတိုင်း ဘဲ တော်လှန် ရေး ဟာလဲ မပျက်စီး သွား နိုင်ပါဘူး ။ ဝဲခူး ငြိုး မမှာရှိတဲ့ကဝ် တွေနဲ့ ဒေသပါတီအဖွဲ့အစည်း တွေအတွက် တော့လာယိအခက်အခဲရှိနိုင်ပါတယ်။ ဒါပေမဲ့ကျနော်တို့ပါတီနဲ့တပ်ဟာအနှိမ်တနှိမ်ဖြတ် ကျော်ပြီး ယင်၊ တော်လှန် ရေး အောင်လံနိုကိုဝဲခူး ငြိုး မမှာအခုထက်မြင့်မြင့်မား မား စိုက်ထူနိုင်မယ်ဆိုတာ သေချာပါတယ်။

( ၂ )

ဥက္ကဋ္ဌသခင်ဇင်တို့ကျဆုံး တာနဲ့ပါတီသက်ဝင်း ရန်သူက ဗမာပြည်ကွန်မြူနစ်ပါတီမရှိ တော့ဘူး လိုလိုပါတီ ဗဟိုမရှိ တော့ဘူး လိုလိုပြည်သူ့တပ်မ တော်မရှိ တော့ဘူး လိုလိုမဟုတ် မဟတ်အကြီး အကျယ်ကြွား ဝါနေတယ်။ ဒါကကယ်ဘဲဟုတ်သလား ။ မဟုတ် ပါဘူး ။ တကယ့်အဖြစ်အပျက်ကသူတို့ကြွား ဝါနေတာ နဲ့ဆန့်ကျင် နေပါတယ်။

ပထမဆုံး နိုင်ငံတကာ့အခြေအနေကို နဲနဲ ပြောပြလိုတယ်။ ကမ္ဘာတခုလုံး ကိုအုပ်စိုး ခွဲဝေလိုကြတဲ့၊ ခွဲဝေဘို့လုပ်ယက် နေကြတဲ့ဆိုဗီယက်ဆိုရှယ်နယ်ချဲ့နဲ့ အမေရိကန်နယ်ချဲ့အင်အား လွန်နိုင်ငံနှစ်ခုဟာ အလွန်ကြီးမား တဲ့အကြပ် အတည်း ပေါင်း စုံနဲ့ ရင်ဆိုင် နေရပါတယ်။ သူတို့ဟာ တခါတ လေး လဲ ပေါင်း ၊ တခါတ လေလဲ စား ကျက်လု နေကြတဲ့နယ်ချဲ့သမား တွေချည်း ဖြစ်ပါတယ်။ သူတို့နှစ်ဦး ပူး ပေါင်း တာဟာ ယာယီသာဖြစ်ပြီး ၊ သူတို့နှစ်ဦး စား ကျက်လုမှုဟာ ထာဝရဖြစ်ပါတယ်။ ဒီအင်အား လွန်နိုင်ငံနှစ်ခု ဒီလိုဘဲဆက်တိုက်ဖြစ် ပေါ် တိုး ပွါး သွား မယ်ဆိုယင်ကမ္ဘာ့စစ်ကြီး တခုဟာ နောက်ဆုံးဖြစ် ပေါ်လာပါလိမ့်မယ်။ "နယ်ချဲ့စနစ်ဟာ ခေါ်ခေတ် စစ်ပွဲ တွေကို ပေါက်ဖွား စေတယ်" လို့ လီနင်ကသင်ကြား ခဲ့ပါတယ်။

"ယခုခေတ်ရဲ့အခြေအနေမှာ တော်လှန်ရေး နဲ့စစ်နှစ်ခုလုံး ဖြစ်နိုင်ခြေအလက္ခဏာတွေဟာ တိုးများ လာနေတယ်။ စစ်က တော်လှန်ရေး ကိုဖြစ်ပေါ် စေသည်ဖြစ်စေ၊ သို့မဟုတ် တော်လှန်ရေး ကစစ်ကိုတားဆီး သည်ဖြစ်စေ၊ ဘယ်လိုဘဲဖြစ်ဖြစ် နိုင်ငံတကာ့အခြေအနေဟာ ပြည်သူလူထုအတွက်သာ လွန်ကောင်း မွန်တဲ့လမ်း ကြောင်း အတိုင်း ဖြစ်ပေါ် တိုး ပွါး လာပြီး ကမ္ဘာ့ရဲ့အနာဂတ်ဟာ သာတောက်ပြောင်ပါလိမ့်မယ်" လို့ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တော်ဝန်ကြီးချုပ်ရဲ့ဟောင် ရွှေ့ခင်အပ် လေး အနေနဲ့ လေး ကြိမ် မြောက်ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်အစည်း အဝေး ပွဲကြီး မှာသုံး သပ်ပြခဲ့ပါတယ်။ ဒါဟာ အလွန်မှန်ကန်တယ်။ ဒါတွေဟာ မာ့က်စ်ဝါဒလီနင်ဝါဒ မော်စီတုန်း အတွေး အခေါ်ရဲ့တ လေးကလွဲ ဆိုင်ရာအမှန်တရား တွေဖြစ်ပါတယ်။ ကမ္ဘာ့အခြေအနေဟာ တော်လှန်ရေး အတွက်အလွန် ကောင်း ပါတယ်။

အရှေ့အာရှ တောင်ပိုင်း အခြေအနေဟာလဲအလွန် ကောင်း ပါတယ်။ မကြာသေး မီကက မြွောဒီး ယား နဲ့ဗီယက်နမ် တောင်ပိုင်း တို့ကိုပြည်သူ့လက်နက်ကိုင်အင်အား စုများ ကလုံး ဝလွတ် မြောက် စေခဲ့တယ်။ ဒါဟာသမိုင်း အရဖြစ်စေ၊ နိုင်ငံတကာ့သဘောအရဖြစ်စေ၊ ကြီး မား တဲ့ပြည်သူလူ

တုရဲ့ အောင်ပွဲဖြစ်ပါတယ်၊ နယ်ချဲ့သမား နဲ့ ဖေါက်ပြန်ရေး သမား များရဲ့ဆုံး ရှုံး မှုဖြစ်ပါတယ်။ ထစ်မံပြီး သက်သေပြလိုက်တာက တော့တရား တဲ့စစ်ပွဲကိုဆင် နွှဲနေသမျှ၊ လူထုကြီး တရပ်လုံး ရဲ့ဆော်အုံ့ဩ အောင်လုပ်ထား နိုင်သမျှ၊ ပြည်သူ့ စစ်ပွဲကိုပြည်သူလူထုတရပ်လုံး ကဆင်နွှဲနေသမျှ၊ တိုင်းပြည်ငယ်က လေး တွေဟာ တိုင်းပြည်ကြီး တွေကိုအနိုင်တိုက်နိုင်တယ်၊ အင်အား နဲတဲ့တိုင်းပြည် တွေကလဲအင် အားကြီး တဲ့တိုင်းပြည် တွေကိုအနိုင်တိုက်နိုင်တယ်ဆိုတာဖြစ်တယ်။

ပြည်တွင်း အခြေအနေကိုကြည့်လိုက်ပြန်ယင်လဲ တော်လှန်ရေး ဖြစ်ပေါ် တိုး ပွါး မှုအတွက်အလွန် ကောင်း ပါတယ်။

ပထမဦး ဆုံး နေဝင်း စမ်း ယုစစ်အုပ်စုရဲ့အကြပ်အတဲကိုကြည့်ပါ။ သူတို့ က တွေဟာဆိုရှယ်လစ်တည် ဆောက်ရေး လို့ အော်ဟစ်နေပြီး ဘက်ပေါင်း စုံမှာ အကြပ်အတဲ တွေ့နေကြပါတယ်။ နိုင်ငံရေး ၊ စီး ပွါး ရေး ၊ လူမှုရေး ၊ ပညာ ရေး ၊ ကျန်းမာ ရေး နဲ့စစ်ရေး အဘက်ဘက်မှာဘဲသူတို့အကြပ်အတဲအကြီး အကျယ် တွေ့နေကြတယ်။ ဒီအကြပ်အတဲ တွေဟာတနေ့ထက်တနေ့ပိုမိုကြီး ထွား လာနေပါ တယ်။ ရှေ့အဘို့လဲဒီထက်ဒီပိုမိုကြီး ထွား လာပါလိမ့်မယ်။ အကြောင်း က တော့သူ တို့ရင်ဆိုင် နေရတဲ့အကြပ်အတဲဟာအခြေခံကျပြီး မဖြေရှင်း နိုင်တဲ့လူတန်း စား ပဋိပက္ခကဖြစ်ပေါ်လာတာဖြစ်တယ်။ ဒါကြောင့်မို့ရန်သူအနေနဲ့ဘယ် လောက် ဘဲကြိုး စား ကြိုး စား ၊ ဘယ်လောက်ဘဲယာယီဘွက် ပေါက် တွေရှာရှာသူတို့မှာမ ဖြေရှင်း နိုင်တဲ့ပဋိပက္ခ တွေကြောင့် နောက်ဆုံး ပိတ်ပျက်စီး ချုပ်ငြိမ်း ရမှာ ကေန်မုချဖြစ်ပါတယ်။

အခုပဲခုး ပိုး မမှာ တွေ့နေရတဲ့အခြေအနေအပါအဝင်ကျနော်တို့လက် ငိုရင်ဆိုင် နေရတဲ့အခက်အခဲ တွေဟာယာယီအခက်အခဲ တွေသာဖြစ်ပါတယ်။ မ ဖြေရှင်း နိုင်တဲ့အခြေခံလူတန်း စား ပဋိပက္ခက ပေါ်ထွက်လာတဲ့အကြပ်အတဲ တွေမဟုတ်ပါဘူး ။ တော်လှန်ရေး ဖြစ်ပေါ်တိုး ပွါး မှုဖြစ်စဉ်အတွင်း ကြုံတွေ့ ရမြဲဖြစ်တဲ့ အခက်အခဲ တွေသာဖြစ်ပါတယ်။ ဒီအခက်အခဲ တွေကိုကေန်မုချ ကျ နော်တို့ ကျော်လွှန်နိုင်ပါတယ်။ ဒီအခက်အခဲ တွေကို ကျော်လွှန် နိုင်ယုံ မက နောက်ဆုံး ပိတ်မှာ ကျနော်တို့ အောင်ပွဲခံမှာကေန်မလွဲ ဖြစ်ပါ တယ်။

အကြပ်အတဲအခက်အခဲ ရှိလာယင်ကိုယ့် ဒေသတခုထဲရဲ့အကြပ်အတဲတခုထဲကိုသာ မကြည့်ရဘူး ။ ရန်သူရဲ့အကြပ်အတဲနဲ့ကျနော်တို့ တခြား ဒေသ တွေရဲ့သာလွန် မှု တွေကို ပါကြည့်တတ်ရမယ်။ အကြပ်အတဲ ရှိလာရင် ကောင်း မွန်တဲ့အနာဂတ်ကို မြင်နိုင်စွမ်း ရှိရမယ်။

နှစ်ပေါင်း ၂၀ ကျော်လက်နက်ကိုင်တိုက်ပွဲအတွင်း မှာ ဒေသအလိုက် မတူတဲ့ဖြစ်ပေါ်တိုး တက်မှုတွေရှိခဲ့ပါတယ်။ ဥပမာ--ကျနော်တို့အခြေခံစခန်း တွေဟာ ပဲခူး ရိုး မတ်ခုထဲမဟုတ်ပါဘူး ။ အနောက် မြောက်ပိုင်း ၊ မြစ်ဝကျွန်း ပေါ်၊ ရခိုင်၊ တနင်္သာရီ၊ ကျိုး တုံ၊ မြစ်ကြီး နား နယ်၊ မိုး မိတ်နယ်၊ အရှေ့မြောက်ပိုင်း စစ် ဒေသနဲ့ရှမ်း ပြည်နယ်အလယ်ပိုင်းခရိုင်စ တဲ့ ဒေသ တွေမှာကျနော်တို့ပြည်သူ့တပ်မ တော်နဲ့လွတ် မြောက်တဲ့အခြေခံစခန်း တွေရှိပါတယ်။ တခြား ဒေသတချို့မှာလဲကျနော်တို့အင်အား တွေရှိပါသေး တယ်။ ရိုး ရိုး ပြောရယင်ကျနော်တို့လက်ရှိအင်အား တွေဟာ တော်လှန်ရေး အစပိုင်း ကာလတုံး ကထက်သာလွန်တိုး တက် နေပါတယ်။ လောလောဆယ်စစ် ရေး အခြေအနေကိုကြည့်ရင်လဲ ၇၁ ခုနှစ်အစပိုင်း မှာ ၉၉ ဒုတပ်မ မှူး ညွန့်တင်အပါအဝင်စစ်ဗိုလ်တစု နဲ့ရန်သူ့တပ်သား ပေါင်း ၁၀၀ ကျော် ကို ချေမှုန်း ခဲ့တယ်။ သုံ့ပန်း ၆၀ ကျော်ဖမ်း မိခဲ့တယ်။ လက်နက်ခဲယမ်း မီး ကျောက်အမြောက်အများ ရရှိခဲ့တယ်။ ဒီအောင်မြင်ချက် တွေမှာမဟာမိတ် အင်အား စု တွေရဲ့အောင်ပွဲ တွေမပါသေး ပါဘူး ။

အခြား တဖက်မှာကြည့်ရင်ပြည်တွင်း ရှိအဖိနှိပ်ခံလူတန်း စား အသီး သီး ၊ လူ့အလွှာအသီး သီး ဟာလဲသူတို့ရဲ့စား ဝတ် နေမှုအခက်အခဲ တွေနဲ့ဒီမိုက ရေစီအခွင့်အရေး ဆိတ်သုဉ်း နေတဲ့ဘဝအခြေအနေ ကြောင့်နေဝင်း စန်း ယူ စစ်အစိုး ရကိုခါး ခါး သီး သီး မုန်း တီး နေကြပါတယ်။ ဥပမာအား ဖြင့် ၇၄ ခုနှစ်မေလမှာ၊ အလုပ်သမား လှုပ်ရှား မှုနဲ့ ၇၄ ခုဒီဇင်ဘာလမှာ ကျောင်း သား နဲ့မြို့နေလူထုရဲ့လှုပ်ရှား မှုတွေကိုကြည့်ရင်သိနိုင်ပါတယ်။

ဒါကြောင့်ပြည်တွင်း အခြေအနေဟာလဲ တော်လှန် ရေး အတွက်အလား အလာ ကောင်း ပါတယ်။

နိုင်ငံတကာနဲ့ပြည်တွင်း အခြေအနေသာလွန် ကောင်း မွန်မှုတွေဟာ ကျနော်တို့ တော်လှန်ရေး ရှေ့တဆင့်ဖြစ်ပေါ်တိုး ပွါး မှုအတွက်အများကြီး အကူအညီပေး ပါလိမ့်မယ်။

( ၃ )

ဗမာပြည်ကွန်မြူနစ်ပါတီဟာ လူတဦး တယောက်အပေါ်အခြေခံပြီး တည်ဆောက်ထားတာမဟုတ်ပါဘူး ။ စုပေါင်း ခေါင်း ဆောင်မှုအပေါ်အခြေခံပြီး တည်ဆောက်ထားတဲ့ပါတီဖြစ်ပါတယ်။ တဗိုလ်ကျတဗိုလ်တက်စနစ်အရ တည်ဆောက်ထားတဲ့ပါတီဖြစ် တယ်။

ဥက္ကဋ္ဌသခင်သန်းထွန်း ကျဆုံး ပြီး တဲ့နောက် သခင်ဇင်က ပါတီဥက္ကဋ္ဌ တာဝန်ယူခဲ့တယ်။ အခုဥက္ကဋ္ဌသခင်ဇင်ကျဆုံး သွား တဲ့အခါမှာကျနော့ကို ပါတီဥက္ကဋ္ဌအဖြစ် ရွေး ကောက်တင် မြှောက်လိုက်တဲ့အတွက် ကြောင့်ကျနော်ဟာ ဒီနေ့မှစပြီး ပါတီဥက္ကဋ္ဌတာဝန်ကိုဆက်လက်တာဝန်ယူပြီး ပါတီတရပ်လုံး ကို ခေါင်း ဆောင်မှုပေး သွား မယ်။ ပါတီရဲ့အကြွင်း မဲ့ ခေါင်း ဆောင်မှုကို ခံယူထား တဲ့ပြည်သူ့တပ်မတော်ကိုလဲကျနော်တာဝန်ယူ ရှေ့ဆောင်သွားမယ်။ ကျနော့်အပြင်သခင် ဖေတင့်၊ ရဲဘော်မျိုး မြင့်၊ ရဲဘော် ကျော်မြစတဲ့ဝါရင့် တဲ့ပဟို ကော်မတီများ လဲရှိပါသေး တယ်။ ဒါ့အပြင်သက်ဆိုင်ရာအဆင့်ဆင့် ပါတီ ကော်မတီဝင်ရဲဘော် တွေလဲရှိပါသေး တယ်။ ကျနော်တို့အားလုံး စု ပေါင်း ခေါင်း ဆောင်မှုကိုအလေး တင်ပြီး လုပ်သွား မယ်။ ကျနော်တို့ ပါတီဟာဘယ်တော့မှ မပျက်နိုင်ပါဘူး ။ ကျနော်ကျဆုံး သွား ရင်လဲတခြား ရဲဘော်တယောက်တက်လာပြီး ပါတီကို ခေါင်း ဆောင်သွား မှာပါ။ ဒါကြောင့် မို့ပါတီမှာ ခေါင်း ဆောင်မှုအဆက်မပြတ် အောင်အမြဲတန်း စီစဉ်ထား ပါ တယ်။

ဒေသအသီး သီး မှာရှိတဲ့ပါတီအဖွဲ့အစည်း များ ကိုညွှန်ကြား လိုတယ်။ သက်ဆိုင်ရာ ဒေသမှာဝါအရင့်ဆုံး နဲ့အရင့်ကျက်ဆုံး ရဲဘော်တွေက မိမိသက်ဆိုင်ရာ ဒေသအတွက်တာဝန်ယူကာ ခေါင်း ဆောင်မှုပေး ရမယ်။ ခေါင်း ဆောင်မှုအဖွဲ့အစည်း တွေမှာဝါရင့်ပြီး အတွေ့အကြုံရှိတဲ့ရဲဘော်တွေကို

ခေါင်းဆောင်အဖြစ်ထားပြီး၊ နိုင်ငံရေးအတွေးအခေါ်ကောင်းပြီး လုပ်ရည်ကိုင်ရည်ရှိတဲ့လူငယ်များနဲ့အမျိုးသမီးများကို လေ့ကျင့်မွေးမြူပေးပြီး ခေါင်းဆောင်မှုအဖွဲ့ထဲမှာထဲ့သွင်းသွားရမယ်။ ဒီလိုနည်းဖြင့်ဝါရင့်တဲ့ရဲဘော်များရဲ့ကြွယ်ဝတဲ့အတွေ့အကြုံနဲ့တက်ကြွတဲ့လူငယ်များရဲ့ကောင်းမွန်တဲ့အချက်တွေကိုပေါင်းစပ်ပြီး အပြန်အလှန်အကူအညီပေးလေ့လာကြရမယ်။

(၄)

ကျနော်ဒီနေ့ရဲဘော်တွေစဉ်းစားနိုင်အောင်ပြဿနာတချို့ တင်ပြချင်တယ်။

(၁) <u>လမ်းစဉ်</u>

ပါတီတရပ် တော်လှန်ရေးတရပ်ဖြစ်ပေါ်တိုးပွါး အောင်မြင်မှုဆုံးရှုံးမှုဆိုတာတွေဟာဘယ်အပေါ်မှာအခြေတည်နေသလဲ။ နိုင်ငံရေးအရတွေးခေါ်မှုအရလမ်းစဉ်မှန်ကန်မှုပေါ်မှာအခြေတည်နေပါတယ်။ နိုင်ငံရေးအရတွေးခေါ်မှုအရလမ်းစဉ်မှန်မမှန်ဆိုတာဟာ ပါတီတရပ် တော်လှန်ရေးတရပ်တက်မတက်ဆိုတာကိုအဆုံးအဖြတ်ပေးပါလိမ့်မယ်။ နိုင်ငံရေးအရတွေးခေါ်မှုအရလမ်းစဉ်မှန်နေရင်၊ မရှိရာကရှိတာဖြစ်လာလိမ့်မယ်။ သေးငယ်ရာကကြီးမားတာဖြစ်လာလိမ့်မယ်။ နောက်ဆုံးအောင်ပွဲခံတဲ့အထိဖြစ်ပေါ်တိုးတက်သွားလိမ့်မယ်။ ဒါကြောင့်နိုင်ငံရေးအရတွေးခေါ်မှုအရလမ်းစဉ်မှန်အောင်ပါတီဝင်တိုင်းဟာအမြဲတစေကြိုးစားကြရပါလိမ့်မယ်။

(၂) <u>ပြန်လည်ပြင်ဆင်ရေးဝါဒ</u>

ကျနော်တို့မာ့က်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်သမားများအတွက်အမြဲတစေပြန်လည်ပြင်ဆင်ရေးဝါဒကိုဆက်တိုက်တိုက်သွားဘို့လိုပါတယ်။ တကမ္ဘာလုံးမှာဖြစ်စေ၊ ဗမာပြည်မှာဖြစ်စေ၊ ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးဝါဒဟာကျနော်တို့ရဲ့အဓိကအန္တရာယ်ဖြစ်တယ်။ တ

ချိန်ထဲမှာလက်ဝဲတရားသေ ဝါဒကိုလဲ ပေါ်တဲ့နေရာမှာတိုက်သွားရမယ်။ ကျနော်တို့ တော်လှန်ရေး အတွင်းမှာ၊ ပြည်တွင်း ပြည်ပ ခေတ်သစ်ပြန်လည်ပြင်ဆင်ရေး ဝါဒဟာ ကျနော်တို့ကို အများကြီး ဆုံးရှုံး နစ်နာမှုတွေဖြစ်စေခဲ့တယ်။ ဒါကြောင့် ကျနော်တို့ တော်လှန်ရေး အဘို့ ခေတ်သစ်ပြန်လည်ပြင်ဆင်ရေး ဝါဒကို အထူး ဂရုစိုက်တိုက်သွားဘို့လိုတယ်။ တပြည်လုံး လွတ်မြောက်ပြီးတဲ့နောက်လဲ ကျနော်တို့တိုင်းပြည်အသွေး အရောင်မပြောင်းအောင် ပြန်လည်ပြင်ဆင်ရေး ဝါဒကိုဆက်လက်တိုက်ရပါလိမ့်မယ်။

ဒီမှာ တခု တော့သတိပြုစေချင်တယ်။ မြင်သမျှကို ပြန်လည်ပြင်ဆင်ရေး ဝါဒလို့ဆိုပြီး တိုက်တာ တော့မလုပ်အပ်ဘူး။ အထူး သဖြင့်ပြန်လည်ပြင်ဆင်ရေး ဝါဒကိုတိုက်တဲ့နေရာမှာ နည်းမှန်လမ်းမှန်နဲ့တိုက်ဘို့လိုတယ်။

ဒါကြောင့် နိုင်ငံရေး အား ဖြင့်ပြန်လည်ပြင်ဆင်ရေး ဝါဒကို အဓိကအား ဖြင့်တိုက်ရင်း လက်ဝဲတရားသေ ဝါဒကိုလဲတိုက်သွားရမယ်။

(၃) ဆန္ဒစွဲဝါဒ

တွေး ခေါ်နည်း မှာ ကျနော်တို့ဟာ ဆန္ဒစွဲဝါဒကိုဆန့်ကျင်ရမယ်။ ပကတိဘာဝအတိုင်း ပြဿနာတွေကို ချဉ်းကပ်–ကြည့်မြင်–သုံးသပ်–လက်တွေ့ကျင့်သုံး ရမယ်။ လူတယောက်ဟာ ဆန္ဒစွဲဝါဒ ဝင်လာရင် မိမိရဲ့ဆန္ဒနဲ့ကင်းကွာပြီး ဖြစ်နေတဲ့ မိမိရဲ့ဆန္ဒနဲ့ဘာမှမဆိုင်တဲ့အဖြစ်အပျက်တွေကိုမှန်မှန်ကန်ကန် မကြည့်နိုင်တော့ဘူး။ မသုံးသပ်နိုင်တော့ဘူး။ ပကတိဘာဝဆိုတာဘာလဲ။ သဘာဝမှအစ လူ့အဖွဲ့အစည်း အပါအဝင်လူတန်းစား တိုက်ပွဲအထိ မိမိဖြစ်လိုတဲ့စိတ်ဆန္ဒ၊ မိမိမဖြစ်စေလိုတဲ့စိတ်ဆန္ဒနှစ်ခုစလုံး ကိုပယ်ရှား ပြီး ရုပ်ဘာဝအရတည်ရှိနေတာကိုပကတိဖြစ်ရပ်အတိုင်း ကြည့်တတ်ကျင့်သုံးတတ်ဘို့ဘဲ။ ဆန္ဒစွဲနဲနဲပါလာရင်နဲနဲမှား လိမ့်မယ်။ များ များ ပါလာရင်များ များ မှား လိမ့်မယ်။ ပကတိဘာဝအရမကြည့်တတ်ဘဲ၊ ဆန္ဒစွဲနဲ့ကြည့်နေလို့ရှိရင် ပြောင်းပြန်ဖြစ်တတ်တယ်။ ကောင်း တာကိုလဲဆိုး တယ်လို့မြင်တတ်တယ်။ ဆိုး တာကိုလဲ ကောင်း တယ်လို့မြင်တတ်တယ်။ ဒါကြောင့် တွေး ခေါ်နည်း မှာကျနော်တို့ရဲ့ ဘော်တွေအား လုံး ဆန္ဒစွဲဝါဒကိုဆန့်ကျင်ရမယ်။ ပကတိဘာဝကျကျကြည့်နည်း

ကိုစိုက်ထူရမယ်။

(၄) <u>စည်းရုံးရေး</u>

စည်းရုံးရေးပြဿနာတစ်ချက်တင်ပြခြင်းတယ်။

ကျနော်တို့ပါတီဟာဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ကိုစည်းရုံးရေးမှုအဖြစ်လက်ခံထားတဲ့ပါတီဖြစ်တယ်။

(၁) တဦးတယောက်ဟာအဖွဲ့အစည်းကိုနာခံရမယ်။

(၂) အနည်းစုဟာအများစုကိုနာခံရမယ်။

(၃) အောက်အဖွဲ့အစည်းဟာအထက်အဖွဲ့အစည်းကိုနာခံရမယ်။

(၄) ပါတီတရပ်လုံးဟာဗဟိုကော်မတီကိုနာခံရမယ်။

ဒါတွေဟာဗဟိုချုပ်ကိုင်မှုကိုဖေါ်ပြတဲ့မူတွေဖြစ်တယ်။

ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုမှာအခြားတဘက်ရှိသေးတယ်။ အဲဒါက ဒီမိုကရေစီဘက်ဘဲ။ ဒီမိုကရေစီမရှိဘဲဗဟိုချုပ်ကိုင်မှုမရှိနိုင်ဘူး ။ ပါတီဝင်တိုင်းကိုဒီမိုကရေစီအခွင့်အရေးအပြည့်အဝပေးဘို့လိုတယ်။ ပါတီထဲမှာမပြောရဲမဆိုရဲတဲ့အချင်းအရာတွေကိုပပျောက်သွားအောင်လုပ်ဘို့လိုတယ်။

ပါတီထဲမှာနိုင်ငံရေးအရတွေးခေါ်မှုအရအညင်းပွါးမှုတွေဖြစ်လာရင်သင့်တော်တဲ့အချိန်တချိန်အထိဆွေးနွေးညင်းခုံကြပြီးယင်းဆုံးဖြတ်ချက်ချမှတ်ပြီးအနည်းစုကအများစုကိုနာခံရမှာဟာပါတီရဲ့စည်းကမ်းဘဲ။

တချိန်ထဲမှာအနည်းစုဖြစ်တဲ့ရဲဘော်တစုသို့မဟုတ်ရဲဘော်တဦးရဲ့သဘောထားကိုလေးစားရမယ်။ ဘယ်လောက်အထိလေးစားရမလဲဆိုရင်အများစုသဘောထားနဲ့မကူညီစေကာမူမိမိရဲ့သဘောထားကိုထိမ်းသိမ်းထားနိုင်ခွင့်ရှိတယ်။ သဘောထားကွဲလွဲနေတဲ့ရဲဘော်တစုသို့မဟုတ်တဦးတယောက်ကိုလူများစုနဲ့ဖိနှိပ်တာမျိုး ၊ ဝိုင်းပယ်တာမျိုးမလုပ်ရဘူး ၊ တချိန်ထဲမှာသဘောထားကွဲလွဲနေတဲ့ရဲဘော်တွေကလဲအများစုရဲ့ဆုံးဖြတ်ချက်ကိုလိုက်နာရမယ်။

ဒီမူဟာကျနော်တို့ကော်မြူနစ်ရေးဆရာကြီးတွေကချမှတ်ကျင့်သုံးခဲ့,

တဲ့ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစည်းရုံးရေး မူဘဲ။ ဒီအတိုင်း ကျနော်တို့ တော်လှန်ရေး ဆရာကြီး တွေဟာ ကျင့်သုံး ခဲ့တယ်။ ကျနော်တို့လဲ ဒီအတိုင်း ဘဲကျင့်သုံး ခဲ့တယ်။ ရှေ့ဆက်ပြီး လဲ ဒီအတိုင်း ဘဲကျင့်သုံး သွား ရမယ်။

ဒီမှာ တခုတင်ပြလိုတာက နိုင်ငံရေး တွေး ခေါ်မှုအရ သဘောကွဲလွဲနေတဲ့ ရဲဘော်တစုသို့မဟုတ်တဦး တယောက်ကို ခဏ္ဍာကိုယ်အရ အပြစ်ပေး မှုမျိုး မလုပ်သင့်ဘူး ဆိုတဲ့အချက်ဘဲ။

ကျနော်တို့ရဲ့သုံ့ပန်း ပေါ်လစီကို ဘဲကြည့်ပါ။ စစ်တိုက်တဲ့အခါ တော့ ကျနော်တို့ပြင်း ပြင်း ထန်ထန်တိုက်မယ်။ တိုက်ပွဲပြီး လို့လက်နက်ချတဲ့သုံ့ပန်း များ နဲ့ ဒဏ်ရာရနေတဲ့သုံ့ပန်း များ ကို ကျနော်တို့ ခဏ္ဍာကိုယ်အရ ညှင်း ဆဲမှုတွေ မလုပ်ပါဘူး။ သူတို့ပစ္စည်း တွေကို လဲ မယူဘူး။ သူတို့ကို လဲ ပြန်လွှတ်တာဘဲ။ အဲဒီ တော့ ရန်သူသုံ့ပန်း တွေကို တောင် ဒီလို သဘောထား နိုင်ယင် ကျနော်တို့ အချင်း ချင်း အတွင်း မှာ နိုင်ငံရေး အတွေး အခေါ် အရ ကွဲလွဲမှုအတွက် ခဏ္ဍာကိုယ်အရ အပြစ်ဒဏ် ပေး မှုလုပ်ယင် မှန်ပါ့မလား။ အဲဒါကို ရဲဘော်တို့ စဉ်း စား ကြဘဲ။

ကျနော်တို့ ပါတီတွင်း ထား ရှိရမဲ့ ရည်ရွယ်ချက်ဟာ "အတွေး အခေါ် အရ ရှင်း လင်း စေပြီး ပါတီဝင်ထုတရပ်လုံး ကို ညီညွတ် စေဘို့ဘဲ" လို့ ပစ္စည်း မဲ့ တော်လှန် ရေး ဆရာကြီး ရဲဘော် မော်စီတုံး က သင်ပြ ထား တယ်။ ကျနော်တို့ ဒီအတိုင်း လုပ်ကြရမယ်။

အမှား လုပ်မိတဲ့ရဲဘော် တွေကို အမှား ကို မြင်ခွင့်ပြင်ခွင့် ပေး ရမယ်။ လူမမာကို ဆေး ကုသပြီး ကယ်တင်တဲ့ သဘောထား မျိုး ထား ရှိရမယ်။ ပါတီဝင် တွေအား လုံး ဟာ လန်း ဆန်း ရွှင်လန်း ၊ စိတ် ပျော် ပျော် နဲ့ အလုပ်လုပ် ကြရမယ်။ အဲဒီလို အခြေအနေမျိုး ဖြစ်လာ အောင် အဆင့်ဆင့် ပါတီ ကော်မတီ တွေ ကဂရုတစိုက် ဖန်တီး ပေး ရမယ်။

## (၁) စစ်ရေး

စစ်ရေး နဲ့ ပါတ်သက်ပြီး တော့ က လော့စ်ဝစ်စ်၊ ဝက်ထရင်း ဂန်း နဲ့ ပစ္စည်း မဲ့ တော်လှန် ရေး ဆရာကြီး များ ဖြစ်ကြတဲ့ ရဲဘော် လီနင်၊ ရဲဘော် စတာလင်၊ ရဲဘော် မော်စီတုံး အစ ရှိတဲ့ ပုဂ္ဂိုလ် တွေက အများကြီး ပြော ခဲ့ပါတယ်။

ဘလော့စ်ဝစ်စ်၊ ခကီထရင်း ဂန်း အစရှိသူ တွေက တော့ နေ့ရှင်စစ်ရေး အတွေး အခေါ် နဲ့လမ်း စဉ်ကိုကိုယ်စား ပြုသူ တွေဖြစ်တယ်။ ပစ္စည်း မဲ့တော်လှန်ရေး ဆရာကြီး များ ဖြစ်ကြတဲ့မော်က်စ်၊ အိန်ဂယ်လ်စ်၊ လီနင်စတာလင် နဲ့ရဲဘော် မော်စီတုံး တို့က တော့ ပစ္စည်း မဲ့လူတန်း စား ရဲ့စစ်ရေး အတွေး အခေါ် နဲ့လမ်း စဉ်ကိုကိုယ်စား ပြုတယ်။ ကျနော်တို့မှာ မော်က်စ်ဝါဒလီနင်ဝါဒ မော်စီတုံး အတွေး အခေါ်ကျတဲ့နိုင်ငံရေး လမ်း စဉ်တရပ်ရှိဘို့လိုအပ်သလို၊ စစ်ရေး မှာလဲ နေ့ရှင်စစ်ရေး အတွေး အခေါ် နဲ့လမ်း စဉ်ကိုဆန့်ကျင်ပြီး မော်က်စ်ဝါဒလီနင်ဝါဒ မော်စီတုံး အတွေး အခေါ်ကျတဲ့ (ဖိ) ပစ္စည်း မဲ့လူတန်း စား ရဲ့စစ်ရေး အတွေး အခေါ် နဲ့လမ်း စဉ်တခုလဲရှိဘို့လိုအပ်တယ်။ ဒီလမ်း စဉ်အတိုင်း လက်ခံကျင့်သုံး ဘို့လိုတယ်။

နိုင်ငံရေး ရော စစ်ရေး မှာပါ သေနင်္ဂဗျူဟာ အရ ရန်သူကိုအထင်သေး ရမယ်။ နည်း ပရိယာယ်အရ ရန်သူကို ကောင်း မွန်စွာတွက်ချက်ပြီး ရင်ဆိုင်ရမယ်။ ဒါကြောင့် "သေနင်္ဂဗျူဟာအရ ငါတို့တ ယောက်ရန်သူဆယ် ယောက်။ နည်း ပရိယာယ်အရ ရန်သူတ ယောက် ငါတို့ဆယ် ယောက်" လို့ပစ္စည်း မဲ့တော်လှန်ရေး ဆရာကြီး ရဲဘော် မော်စီတုံး ကသင်ပြခဲ့တယ်။

ပြည်သူ့စစ်ပွဲရဲ့သေနင်္ဂဗျူဟာ နဲ့စစ်ပရိယာယ်ကို ပေါင်း ချုပ်လိုက်ယင် မင်း လဲမင်း နည်း နဲ့တိုက်၊ ဒို့လဲဒို့နည်း နဲ့တိုက်မယ်။ ဒို့စား နိုင်ယင်မင်း ကို စား ပစ်မယ်။ ဒို့မင်း တို့ကိုမစား နိုင်ယင်မင်း တို့က ဒို့ကိုစား ဘို့အခွင့် မပေး ဘူး ။ မင်း တို့ကို ဒို့တိုက် နိုင်ယင် ချေမှုန်း နိုင်ယင်တိုက်မယ် ချေမှုန်း မယ်။ ဒို့နိုင် ခြေရှိယင်မင်း တို့ကိုတိုက်မယ်၊ မင်း တို့ကို နိုင် ချေမရှိယင် ဒို့မတိုက်ဘူး ဆိုဘာပါဘဲ။

ရန်သူကို ချေမှုန်း နိုင်ဘို့အတွက်ပြင်ဆင်မှုကောင်း ကောင်း ရှိရမယ်။ သာလွန် ကောင်း မွန်တဲ့ မြေအ နေအထား ရှိရမယ်။ သာလွန်တဲ့တပ်အင်အား ကိုစုစည်း နိုင်ရမယ်။ အဘက်ဘက်က ပိုင်း ဝိုင်း ရန်သူကိုထွက် ပေါက်မရှိအောင်ပိတ်ဆို့တိုက် ခိုက် နိုင်ရမယ်အစရှိတဲ့အ ချက်အလက် တွေကိုပိုင်မှ ချေမှုန်း

ရေး စစ်ဆင်နွှဲနိုင်မယ်။

ရန်သူဟာ တပြည်လုံး အတိုင်း အတာအနေနဲ့ အခုအချိန်မှာ စစ်တပ်အင်အား ကျနော်တို့ထက်သာနေသေးတယ်။ ဒါပေမဲ့ အချိန်တချိန်၊ ဒေသတခုမှာ ကျနော်တို့ရဲ့အင်အား တွေကို ရန်သူ့အင်အား ထက်သာအောင် စုစည်းနိုင်တယ်၊ စုစည်းနိုင်ရမယ်။ အဲဒီနည်းနဲ့ ရန်သူ့ထက်သာတဲ့ မိမိအင်အားကို စုစည်းပြီး ရန်သူကို တတပ်ပြီး တတပ် ချေမှုန်း ပစ်ရမယ်။

ဒေသတခုမှာ အချိန်တချိန်မှာ တိုက်ပွဲတခုမှာ ရန်သူ့တပ်က အင်အားကြီး နေယင်၊ နိုင်ခြေမရှိယင် ကျနော်တို့ မတိုက်သင့်ဘူး ၊ ရှောင်ကို ရှောင်ပေး ရမယ်။ အဲဒါဟာ စစ်ပြေး လို့သတ်မှတ်လို့မဖြစ်ဘူး ။ ဒီလို ရှောင်ပေး တာဟာ ကျနော်တို့အင်အား ကိုသာလွန်တဲ့အင်အား ဖြစ်အောင်ပြန်လည်စုစည်း ပြီး ရန်သူကို နောက်တကြိမ်တိုက်နိုင်ဖို့ ချေမှုန်း နိုင်ဖို့ဖြစ်တယ်။ နိုင်ခြေရှိလှသား နဲ့ ကျနော်တို့ဘက်က အင်အား သာနေရက်သား နဲ့တိုက်ပွဲ ရှောင်တာက တော့ အဲဒါက စစ်ပြေး တာ။ ဒါဟာမှား တယ်။ ဒီရှုံး လုံး လုံး မလုပ်သင့်ဘူး ။

ပြောက်ကြား စစ်တိုက်ရာမှာ "ရန်တက် ငါဆုတ်၊ ရန်နား ငါရှုပ်၊ ရန်ပန်း ငါတိုက်၊ ရန်ပြေး ငါလိုက်" ဆိုတဲ့ ပစ္စည်း မဲ့ တော်လှန် ရေး ဆရာကြီး ရဲ့ ဘော်မော်စီတုံး သင်ပေး ထား တဲ့ စာလုံး ၁၆ လုံး အတိုင်း တိုက်ရမယ်။ ပြောက်ကြား စစ်တိုက်ရာမှာ တနေရာထဲမှာ တပ်စွဲ နေပြီး မတိုက်ရဘူး ။ ပြောက်ကြား စစ်ဆိုတာက လှုပ်လည်း လှုပ်ရမယ်။ တိုက်လဲတိုက်ရမယ်။ လှုပ်သာလှုပ်ပြီး မတိုက်လို့ရှိယင်လဲမမှန်ဘူး ။ တိုက်သာတိုက်ပြီး မလှုပ်လို့ရှိယင်လဲမမှန်ဘူး ။ တခါတလေ ခြွင်း ချက်အနေနဲ့ နေရာတခုကို လက်မလွှတ်တမ်း ကာကွယ်တာ ရှိလိမ့်မယ်။ ဒါပေမဲ့ အဲဒါဟာ ခြွင်း ချက်ပဲ။ ဒီခြွင်း ချက်ဟာလည်း တခြား နေရာမှာရှိတဲ့ ရန်သူကို ချေမှုန်း နိုင်ဖို့အတွက် ဒီနေရာမှာရှိတဲ့ ရန်သူကိုဆွဲထား ခြင်း သာ ဖြစ်တယ်။

ကျနော်တို့ဟာ ပြောက်ကြား စစ်တိုက်တဲ့အခါမှာ၊ နေရာရယူရေး ၊ နေရာကာကွယ် ရေး ကိုအဓိကထား ပြီး မတိုက်သင့်ဘူး ။ ရန်သူ ချေမှုန်း ရေး

ကိုအဓိကထား ရမယ်။ ကျနော်တို့ဟာ ရန်သူကို ချေမှုန်းတဲ့အခြေခံ ပေါ်မှာ အခြေခံစခန်းကိုတည်ဆောက်နိုင်အောင်အခြေခံစခန်း ခိုင်ခိုင်မာမာနဲ့ ဖြစ်ပေါ်တိုးပွါးသွားအောင်ကြိုးစားကြရမယ်။

လက်ရှိစစ်ရေးအဆင့်မှာ ပျောက်ကျားစစ်ဟာအဓိက၊ ဆဲဒါနဲ့အခွင့်အခါသာတဲ့အခါမှာ လှုပ်ရှားစစ်ပွဲနဲ့ပူးတွဲပေးရမယ်။ အထူးသဖြင့်နေရာယူတပ်စွဲထားတဲ့ရန်သူထက် လှုပ်ရှားနေတဲ့ရန်သူကိုတိုက်ရတာဟာအကောင်းဆုံးပဲ။ ဒီနည်းနဲ့ရန်သူကိုများများ ချေမှုန်းနိုင်မယ်။ စစ်တိုက်ရာမှာတိုးစစ်ရှိသလို ခံစစ်လဲရှိမယ်။ ခံစစ်လို့ဆိုရာမှာ ခံစစ်အသေ မဟုတ်ဘူး၊ ခံစစ်ရှင်ဖြစ်ရမယ်။

အခုပြောသွားတဲ့မူတွေအတိုင်း သာကျနော်တို့ပြည်သူ့တပ်မတော်၊ ဒေသတပ်နဲ့ပြည်သူ့စစ်တို့ကတိုက်ကြလို့ရှိရင်ရန်သူကိုခတ်များများ ချေမှုန်းနိုင်မှာပဲ။ ရန်သူကိုခတ်များများ ချေမှုန်းနိုင်မှကျနော်တို့နဲ့ရန်သူအင်အားအထားအသိုတာ ပြောင်းလဲသွားပြီး စစ်ရေးအရနောက်တဆင့်ကို တက်နိုင်လိမ့်မယ်။

(၆) <u>နည်းပရိယာယ်လမ်းစဉ်</u>

ပါတီတခုအတွက်နည်းပရိယာယ်လမ်းစဉ်ဟာ ရောက်ရှိနေတဲ့တော်လှန်ရေးအဆင့်တိုင်းမှာအရေးကြီးတဲ့အခန်းကပါတယ်။ တော်လှန်ရေးတခုရဲ့အနိုင်အရှုံးကိုအဆုံးအဖြတ်ပေးနိုင်တဲ့လက္ခဏာဆောင်တယ်။

ပါတီဝင်တိုင်း၊ ပြည်သူ့တပ်မတော်သားတိုင်းဟာကျနော်တို့ပါတီရဲ့ နည်းပရိယာယ်လမ်းစဉ်ကိုစွဲစွဲမြဲမြဲမှတ်ထားပြီး လက်တွေ့ကျင့်သုံးရမယ်။

၄၀ ခုမှစပီး ကနေ့အထိကျနော်တို့ပါတီရဲ့နည်းပရိယာယ်လမ်းစဉ်ဟာ "လက်နက်ကိုင်တိုက်ပွဲသည်အဓိက၊ ဒါနဲ့တခြားတိုက်ပွဲအသွင်သဏ္ဍာန်အမျိုးမျိုးနဲ့ပေါင်းစပ်ပေးရမယ်" ဆိုတာဖြစ်တယ်။

လက်နက်ကိုင်တိုက်ပွဲတခုထဲကိုသာလုပ်ပြီး တခြားတိုက်ပွဲအသွင်သဏ္ဍာန်တွေကိုပစ်ပယ်ယင်မမှန်ဘူး။ ဒီထက်ပိုမမှန်တာကတော့လက်နက်ကိုင်တိုက်ပွဲ

ကိုစွန့်ပယ်ပီးအခြားတိုက်ပွဲသဏ္ဍာန်အမျိုးမျိုး ကိုအဓိကထား လိုက်ပါဘဲ။ ဆိုလိုတာကလက်နက်ကိုင်တိုက်ပွဲကိုစွန့်ပစ်ပြီး ဥပဒေတွင်း တိုက်ပွဲကိုအဓိကထားလိုက်တာပါ။ ပါတီတွင်း မှာဖြစ်ပေါ်ခဲ့တဲ့ဝမ်ရေး မြို့နိုင်ငံရေး ပိုဆိုတဲ့အမြင်၊ စစ်ရေး နဲ့နိုင်ငံရေး လိုတန်းတူထားတဲ့အမြင်၊ ငြိမ်း ချမ်း စွာဖြစ်ပေါ်ရေးဆိုတဲ့အမြင်၊ ဒီ အမြင် တွေအား လုံး ဟာရေမ ရေဘဲ့ပြန်လည်ပြင်ဆင် ရေး အမြင်အယူအဆ တွေဘဲဖြစ်တယ်။ အခြား တဖက်မှာ ရေတိုစစ်အမြင်ဟာလဲ မှား ယွင်း တဲ့လက်ဝဲအရဲစွန့်ဝါဒအမြင် ဘဲဖြစ်တယ်။ ဒါကြောင့်လက်နက်ကိုင်တိုက်ပွဲကိုအဓိကထားယင်းတခြားတိုက်ပွဲအသွင်သဏ္ဍာန်အမျိုးမျိုးနဲ့ ပေါင်းစပ် ပေးရမယ်လို့အနုပငှိ လေမနည်း ကျကျနနဲ့ကျနော်တို့ပါတီရဲ့နည်း ပရိယာယ်လမ်းစဉ်ကိုချမှတ်ကျင့်သုံး ခဲ့တယ်။ ရှေ့ဆက်ပီး လဲဒီနည်းပရိယာယ်လမ်းစဉ်အတိုင်းကျင့်သုံး ရမယ်။ လက်နက်ကိုင်တိုက်ပွဲမှတပါး ကျနော်တို့အောင်ပွဲခံယူဖို့တခြား နည်း လမ်း မရှိဘူး။

## ( ၇ ) လယ်သမား ပြဿနာ

ကိုလိုနီ – ကိုလိုနီတပိုင်း နိုင်ငံ တွေမှာကွန်မြူနစ်ပါတီက ခေါင်းဆောင်တဲ့လက်နက်ကိုင်တိုက်ပွဲ တွေဟာ၊ အနှစ်သာရအား ဖြင့်ပစ္စည်း မဲ့လူတန်း စားက ခေါင်း ဆောင်တဲ့လယ်သမား စစ်ပွဲဖြစ်တယ်။ ဆိုလိုတာကဒီကိုလိုနီ – ကိုလိုနီတပိုင်း နိုင်ငံ တွေမှာလူဦး ရေအများ ဆုံး ဖြစ်တဲ့၊ တောရွာမှာ နေထိုင်ကြတဲ့ရာခိုင်နှုန်း ၈၅ မှ ၉၀ အထိလူ တွေဟာလယ်သမား တွေဖြစ်တယ်။ ဒါကြောင့်ဒီလယ်သမား လူတန်း စား ကိုဆွဲပြီး လက်နက်ကိုင်တိုက်ပွဲထဲသို့သူတို့ကိုယ်တိုင်ပါဝင်လာနိုင် အောင်စည်း ရုံး နိုင်မှ၊ ဒီလက်နက်ကိုင်တိုက်ပွဲဟာအောင်မြင်လိမ့်မယ်။ အမှန်အတိုင်း ပြောရယင်၊ လယ်သမား လူတန်း စားဟာဘယ်လူတန်း စား ခေါင်း ဆောင်မှုနောက်လိုက်မလဲ၊ ဆဲဒီပြဿနာဟာအခရာဖြစ်တယ်။ ဓနရှင်လူတန်း စား ကလဲလယ်သမား လူတန်း စား သူ့နောက်ကိုပါလာအောင်ပြုပြင် ရေး မျိုး အမျိုး မျိုး တိုက်ပြီး ခေါ်နေတယ်။ ပစ္စည်း မဲ့လူတန်း စား ကလဲလယ်သမား လူတန်း စား ကိုရအောင်စည်း ရုံးနေတယ်။ ထွက်လာမဲ့အဖြေက တော့ ရှင်း ရှင်း ကလေး ဘဲ။ လယ်သမားလူတန်း စား ဟာ ဓနရှင်လူတန်းစားနောက်ကို လိုက် သွား ယင် ၊

လယ်သမား လူတန်းစား ရဲ့ဘဝလွတ်မြောက်ရေး ဟာ မဖြစ်နိုင်တော့ဘူး ၊ ပဒေသရာဇ် မြေရှင်စနစ် သွေးစုတ်မှုလဲဆက်လက်တည်ရှိနေမှာဘဲ။ အကယ်၍ ပစ္စည်းမဲ့လူတန်းစား ကလယ်သမား လူတန်းစား ကိုမိမိဘက်ပါဝင်လာအောင်စည်းရုံး နိုင်ယင်၊ အလုပ်သမား -လယ်သမား မဟာမိတ်ဟာ အောင်မြင်စွာတည်ဆောက်နိုင်ပြီး ၊ လယ်သမား လူတန်းစား အပါအဝင်အဖိနှိပ်ခံလူတန်းစား အသီးသီး ဟာလွတ်မြောက်လာလိမ့်မယ်။ လယ်သမား ပြဿနာဟာအခြေခံကျတဲ့ပြဿနာဖြစ်တယ်။ လယ်သမား ပြဿနာကို ဖြေရှင်း နိုင်မှ၊ မြေယာတော်လှန်ရေး ကို တော်လှန်ရေး ရဲ့အဓိကဝင်ရိုး အဖြစ်ထား မှ၊ ကျနော်တို့လက်ရှိ တော်လှန်ရေး ဟာ အောင်မြင်နိုင်လိမ့်မယ်။

ဒါကြောင့်ရဲဘော်တိုင်း ဟာလယ်သမား ပြဿနာ- မြေယာပြဿနာ အစရှိတာတွေကို ကောင်း မွန်စွာဂရုစိုက်ရမယ်။ လယ်သမား လူတန်းစား တရပ်လုံး ကျနော်တို့လက်နက်ကိုင်တိုက်ပွဲကို ထောက်ခံရုံမှမက၊ သူတို့ကိုယ်တိုင် ပါဝင်လာအောင်စည်းရုံး သိမ်းသွင်း ရမယ်။

(ဂ) <u>ကိုယ့်ဒူး ကိုယ်ချွန်</u>

တော်လှန်ရေး တခု အောင်မြင်ဘို့ဆိုရင်ကိုယ့်ကိုယ်ကိုအား ကိုး တဲ့ကိုယ့်ဒူး ကိုယ်ချွန် စိတ်ဓါတ်နဲ့အပင်ပန်း အဆင်း ရဲခံတဲ့စိတ်ဓါတ် ဒီနှစ်ခုဟာအခြေခံဖြစ်တယ်။ ကိုယ့်ဒူး ကိုယ်ချွန်-အပင်ပန်း အဆင်း ရဲခံတဲ့စိတ်ဓါတ်မရှိရင် တော်လှန် ရေး လုပ်လို့မရဘူး ။ တော်လှန် ရေး လဲ အောင်မြင်မှာမဟုတ်ဘူး ။ တော်လှန် ရေး လုပ်ရင် မေဒီ တော်ကား စီး ပြီး ရေခဲသေတ္တာနဲ့ ပန်ကာ အောက်မှာထိုင် နေပြီး လုပ်တဲ့ဟာမျိုး တော့မဖြစ်ဘူး ။ တကယ် တမ်း အဆင်း ရဲအပင်ပန်း ခံရမှာဘဲ။

ကမ္ဘာမှာတော်လှန် ရေး အောင်မြင်ခဲ့တဲ့တိုင်း ပြည်တိုင်း ဟာအဓိကအား ဖြင့်ကိုယ့်ဒူး ကိုယ်ချွန်ကိုယ့်ကိုယ်ကိုအား ကိုး ပြီး လုပ်ခဲ့ကြတာဘဲ။ တချိန်ထဲမှာပစ္စည်း မဲ့နိုင်ငံတကာ့ဝါဒအရအပြန်အလှန်ကူညီမှုကိုလဲလိုအပ်ပါတယ်။ ဒါပေမဲ့အဓိကက တော့ ကိုယ့်ဒူး ကိုယ်ချွန်-အပင်ပန်း အဆင်း ရဲခံတဲ့စိတ်

အကြွင်းမဲ့ ခေါင်းဆောင်မှုရှိတဲ့ပြည်သူ့တပ်မတော်ကြီး ထွားအောင် လုပ်ဖို့လိုတယ်။ တနိုင်ငံလုံးမှာကျယ်ပြန့်တဲ့တပ်ပေါင်းစုကိုတည်ဆောက်ရမယ်။ ဒီတပ်ပေါင်းစုဟာ အလုပ်သမား လယ်သမား လူတန်းစား နှစ်ရပ်မဟာမိတ်ဖွဲ့မှုအပေါ်မှာ အခြေခံပြီး မြို့နေဓနရှင်ပေါက်စ၊ အမျိုးသား အရင်းရှင်၊ တိုးတက်တဲ့ဒီမိုကရေစီပုဂ္ဂိုလ်များ နဲ့အမျိုးသားအသီးသီး ပါဝင်စေရမယ်။

အဲဒီအထဲမှာ သော့ချက်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီကိုကြံ့ခိုင်တောင့်တင်း အောင်လုပ်ဖို့နဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ခေါင်းဆောင်မှုရှိဖို့ ဖြစ်တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းအား တောင့်တင်းမှု၊ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်မှုရှိမှ ဒီတော်လှန်ရေးကြီး ကိုကျနော်တို့ အောင်မြင်အောင်ဆင်နွှဲနိုင်ကြမယ်။ ပါတီကိုပစ္စည်းမဲ့လူတန်းစားရဲ့ တပ်ဦး ပါတီပီသအောင်တည်ဆောက်ရမယ်။ တပ်ကိုပစ္စည်းမဲ့လူတန်းစား ပါတီက အကြွင်းမဲ့ ခေါင်းဆောင်တဲ့ပြည်သူ့တပ်မတော် ပီသအောင်တည် ဆောက်ရမယ်။ အတိုချုပ်ပြောရရင်၊ ပါတီကိုပါတီနဲ့တူအောင်တည်ဆောက် ရမယ်။ တပ်ကိုတပ်နဲ့တူအောင်တည်ဆောက်ရမယ်။

(၁၂) ပါတီလုပ်ငန်း

ပါတီကိုပစ္စည်းမဲ့လူတန်းစားရဲ့တပ်ဦး ပါတီပီသအောင်တည် ဆောက်ရာမှာ ပါတီလုပ်ငန်း ၃ ရပ်ကို ကောင်းမွန်စွာကျင့်သုံးနိုင်ရေးဟာအရေးကြီးတဲ့အခန်းကဏ္ဍကပါဝင်တယ်။ ဆိုလိုတာကသဘောတရားနဲ့လက်တွေ့ပေါင်းစပ်တဲ့လုပ်ငန်း၊ ဝေဖန်ရေးနဲ့မိမိကိုယ်ကို ဝေဖန်ရေး ကျင့်သုံးတဲ့လုပ်ငန်းနဲ့လူထုလမ်းစဉ်ကျင့်သုံးတဲ့လုပ်ငန်း တွေဖြစ်တယ်။

ဒီလုပ်ငန်း ၃ ရပ်ဟာတခြား ဘယ်ပါတီတွေကမှ မကျင့်သုံးနိုင်ဘဲ ပစ္စည်းမဲ့လူတန်းစားရဲ့တပ်ဦး ပါတီဖြစ်တဲ့ကွန်မြူနစ်ပါတီကသာလျှင် ကျင့်သုံးနိုင်တဲ့လုပ်ငန်းတွေဘဲ။ ပါတီဝင်တိုင်းဟာလုပ်ငန်း ၃ ရပ်ကို ကောင်းမွန်စွာကျင့်သုံးနိုင်မှသာလျှင်ပါတီ ဟာတကယ်တန်း ပစ္စည်းမဲ့ လူတန်းစားရဲ့တပ်ဦး ပါတီအခန်းကဏ္ဍ မှထမ်းဆောင်နိုင်ပြီး၊ တော်လှန်

ရေးကို အောင်ပွဲရတဲ့အထိ ခေါင်းဆောင်သွားနိုင်လိမ့်မယ်။

(၁၃) <u>နယ်ချဲ့၊ ပြန်လည်ပြင်ဆင်ရေးနဲ့ ဖေါက်ပြန်ရေးတို့ကို ဆန့်ကျင်ရေး</u>

ကျနော်တို့ပါတီဟာ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုအတွင်းမှာ နယ်ချဲ့၊ ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးနဲ့ ဖေါက်ပြန်ရေးအားလုံးကို ယခင်ကလဲ ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။ နောင်မှာလဲ ဒီလိုဘဲ ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်သွားမယ်။ ဒီလိုဘုံရန်သူတွေကို ဆန့်ကျင်တိုက်ခိုက်တဲ့ အခါမှာ ကျနော်တို့ပါတီဟာ စစ်မှန်တဲ့ မာ့က်စ်လီနင်ဝါဒ ပါတီများ အဖွဲ့အစည်းများနဲ့ လက်တွဲပြီး တိုက်ပွဲဝင်သွားမယ်။

ရဲဘော်တို့-

ကျနော်တို့ပါတီ ဥက္ကဋ္ဌ သခင်ဇင်နဲ့ အတွင်းရေးမှူး သခင်ချစ်တို့ ဂုဏ်ရောင်ပြောင်ဖွာ ကျဆုံးသွားခဲ့ပါပြီ။

ဒီလိုအခြေအနေအောက်မှာ ပါတီဝင်တွေ၊ ပြည်သူ့တပ်မတော်သားတွေမှာ ဖေါ်ပြမှုတချို့ ရှိနိုင်ပါတယ်။

ပထမတမျိုးက တော်လှန်ရေးကို အဆိုးမြင်ဝါဒနဲ့ ကြည့်မြင်ပြီး ရန်သူရှေ့မှောက်မှာ ဒူးထောက်အညံ့ခံတဲ့သူတွေ ဖြစ်တယ်။ ဒီအမျိုးအစားဟာ အနဲစုကလေး မျှသာဘဲ ဖြစ်တယ်။

ဒုတိယအမျိုးက ဒူးထောက်အညံ့မခံသော်လဲ လုပ်ငန်းလုပ်ရာမှာ စိတ်ဓါတ်ကျပြီး မတက်မကြွ ဖြစ်နေတာ ရှိနိုင်တယ်။

တတိယတမျိုးကတော့ ပါတီဥက္ကဋ္ဌ ကျသွားတဲ့အတွက် ကြောင့် သူတို့အတွက် ကလဲ့စားချေမယ်၊ ပါတီကပေးအပ်တဲ့တာဝန်ကို တက်တက်ကြွကြွကြိုးစား လုပ်ကိုင်မယ်၊ သူတို့မပြီးသေးတဲ့ လုပ်ငန်းတာဝန်များကို ပြီးဆုံးအောင် ဆောင်ရွက်မယ်၊ ပါတီတခုလုံးနဲ့ ပါတီဝင်တွေတရပ်လုံးကို သွေးစည်းညီညွတ်အောင် လုပ်မယ်၊ ဆက်လက်ပြီး နောက်ဆုံးသွေးတစက်ကျန်တဲ့အထိ တိုက်ပွဲဝင်သွားမယ်လို့ သံမဏိဓိဋ္ဌာန်ချတဲ့ ရဲဘော်တွေပါဘဲ။ တတိယအမျိုးအစား ရဲဘော်တွေဟာ အများစုကြီး ဖြစ်ပါတယ်။ ဒါဟာ မှန်ကန်တဲ့အမြင်နဲ့ ရပ်တည်

မှုဖြစ်တယ်။ ကျနော်တို့ဟာ ဒုတိယအမျိုးအစားကို နှိုးကြွပြီး ဒီစိတ်ဓါတ်မျိုးကိုတည်ဆောက်ရမယ်။ ပထမအမျိုးအစားကိုတော့ ကျနော်တို့ ရှုံ့ချပြီး ဆန့်ကျင်ကြရမယ်။ ဒုတိယအမျိုးအစားကို ပညာပေး ဝေဖန်ပြီး မြှင့်လာအောင်ကြိုးပန်းရမယ်။ ဒီလိုနည်းဖြင့် ရဲဘော်အားလုံးဟာ ဦးတည်ချက်ရှင်းရှင်းလင်းလင်းနဲ့ တော်လှန်ရေးတာဝန်တို့တက်တက်ကြွကြွ ကြိုးကြိုးနိုင်နိုင်ထမ်းဆောင်နိုင်သူတွေဖြစ်လာစေရမယ်။

ရဲဘော်တို့—

ဒီနေ့ပါတီဝင်တိုင်း ရဲ့တာဝန်ဟာ ပါတီဝင်အားလုံးကို သွေးစည်းညီညွတ်စေဖို့နဲ့ ပါတီတခုလုံးကို သွေးစည်းညီညွတ်အောင်လုပ်ဖို့အတွက်ဖြစ်တယ်။ လက်ရှိဗဟိုကော်မတီပတ်ပတ်လည်မှာဝိုင်းရံပြီး ပါတီတရပ်လုံးသွေးစည်းညီညွတ်ဖို့လိုတယ်။ သွေးစည်းညီညွတ်ရေးဟာအဓိကဘဲ။ ကျနော်တို့အားလုံးသွေးစည်းညီညွတ်ကြယင်၊ ကျနော်တို့တော်လှန်ရေးဟာဧကန်မုချအောင်မြင်မယ်။ လက်ရှိကျနော်တို့မျက်မှောက်မှာအခက်အခဲပေါင်းများစွာရှိတယ်။ ဒါပေမဲ့ရေရှည်စစ်ပွဲကိုကြိုးကြိုးနိုင်ဆင်နွှဲယင်း ဒီအခက်အခဲအားလုံးကိုကျနော်တို့ကျော်နင်းနိုင်ပါတယ်။ ဥက္ကဋ္ဌသခင်ဇင်နဲ့အတွင်းရေးမှူးသခင်ချစ်တို့အတွက်ဝမ်းနည်းကြေကွဲမှုတွေကိုအားအဖြစ်ပြောင်းလဲပစ်ရမယ်။ ဒီနေ့ပါတီဝင်အားလုံးဟာမျက်မှောက်သမိုင်းပေးတာဝန်တွေကိုကြေကြေပြွန်ပြွန်ထမ်းဆောင်ကြလိမ့်မယ်လို့ကျနော်ယုံကြည်တယ်။

တပါတီလုံးသွေးစည်းညီညွတ်ပြီး၊ တည်တည်ငြိမ်ငြိမ်ကြိုးကြိုးနိုင်နိုင် နောက်ဆုံးအောင်ပွဲရတဲ့အထိဆက်လက်တိုက်ပွဲဝင်ကြ။

နေဝင်းဝန်းယှဉ်စစ်အာဏာရှင်မှုချကျဆုံးရမယ်။
ဗမာပြည်ကွန်မြူနစ်ပါတီအောင်နိုင်ရှည်ပါစေ။
ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးမုချအောင်ရမယ်။

၁၃၃၇ ခုကဆုန်လဆန်း ၇ ရက်
၁၉၇၅ ခု မေလ ၁၆ ရက်